ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၈ရက်၊ အင်္ဂါနေ့၊ (14-6-2005)(၄၆၂၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း

မလိကျွန်းနှင့် ကျွန်းစုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန်　　ဇွန်　　၁၃

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တာဝန်ရှိသူများနှင့် အတူ ဇွန် ၁၁ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း မလိကျွန်းရှိ နယ်မြေခံတပ်စခန်းသို့ သွားရောက်၍ မလိခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံကာ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

လက်ဆောင်ပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ဖြည့်စွက်မှာကြားကာ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တိုင်းမှူးတို့က မိသားစုဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တိုင်းမှူးတို့သည် မလိကျွန်း တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✡

ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် စစ်ဆေး ဆောလျင်စွာပြီးစီးရေး မှာကြား

ရန်ကုန်　　ဇွန်　　၁၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ရေအားလျှပ်စစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၁၀ရက် ညနေပိုင်းတွင် မန္တလေးတိုင်းအတွင်းရှိ ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းတည်ဆောက်မှု လုပ်ငန်းများဖြစ်သည့် ပင်မတမံအောက်ခြေမြစ်ကြမ်းပြင် ကွန်ကရစ်သွန်းလောင်းမှုအခြေအနေ၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာကို စက်ယန္တရားများဖြင့် တူးဖော်နေမှုအခြေအနေ၊ ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ရေလွှဲဥမင်အတွင်း ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုအခြေအနေများကို အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။　　**(ဝဲပုံ)**

မှာကြား

ဝန်ကြီးက တာဝန်ရှိသူများအား ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးအောင် ကြိုးပမ်းကြရေး၊ မိုးရာသီ မကျမီ ကြိုတင်ပြီးစီးရမည့် လုပ်ငန်းများပြီးပြတ်အောင် တည်ဆောက်ရေး၊ မိုးကာလအတွင်း ဆောင်ရွက်နိုင်မည့်လုပ်ငန်းများကို ကြိုတင်စီမံချက်များ စနစ်တကျရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ လုပ်ငန်းသုံးပစ္စည်းများ ပြတ်လပ်မှုမရှိရေး၊ ငွေကြေးနှင့် ပစ္စည်းသုံးစွဲမှု ခြိုးခြံချွေတာရေး၊ ယာဉ်ယန္တရားများ ကြံ့ခိုင်မှု စဉ်ဆက်မပြတ် ဆောင်ရွက်ကြရေး မှာကြားသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၇၉၀ ရှိပြီး တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်ပေးနိုင်မည့် အကြီးစား ရေအားလျှပ်စစ်စီမံကိန်းဖြစ်ပြီး ထွက်ရှိမည့်ဓာတ်အားများကို ရွှေစာရံ ဓာတ်အားခွဲရုံနှင့် ကျောက်ဆည်(ဘဲလင်း) ဓာတ်အားခွဲရုံများမှ တစ်ဆင့် မဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်၍ တစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။　　(သတင်းစဉ်)

၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ဇွန် ၂၈ ရက်မှ ဇူလိုင် ၅ ရက်အထိ ကျင်းပမည်

ရန်ကုန်　　ဇွန်　　၁၃

၂၀၀၅ခုနှစ် ဇွန်လတွင်ကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ကျင်းပရာ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၅ ရက်အထိကျင်းပရန် သတ်မှတ်ကြသည်။ ထို့နောက် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲသို့ တက်ရောက်ရန် ရတနာကုန်သည်များအား

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❁

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၄-၆-၂၀၀၅
(အင်္ဂါနေ့)

အကြမ်းဖက်လုပ်ရပ်များအပြည့်အဝကာကွယ်တားဆီး ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၅) ကို ဇွန်လ ၁၂ ရက်နေ့က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ၁၉၈၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် SSNA စိုင်းရီနှင့် နောက်လိုက်တစ်စု၏ ပြည်ထောင်စုဖြိုခွဲရေး၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုနှင့် အကြမ်းဖက်အဖျက်လုပ်ရပ်များကိုသာ တစိုက်မတ်မတ် ကျူးလွန်နေသည့် ဘိန်းစားပြအကြမ်းဖက်သမား SSA ရွက်ဆစ်နှင့် ပူးပေါင်းသွားခြင်းနှင့် ပတ်သက်သည့် နောက်ကွယ်မှ ဖြစ်ရပ်မှန်များနှင့် စပ်လျဉ်း၍ ထုတ်ဖော်ရှင်းလင်းသွားသည်။

၁၉၈၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့သည့် SSNA စိုင်းရီနှင့် နောက်လိုက်တစ်စုသည် ၂၀၀၅ ခုနှစ် မေလ ၂၁ ရက်နေ့က ဘိန်းစားပြ အကြမ်းဖက်သမား SSA ရွက်ဆစ်နှင့် ပူးပေါင်းသွားခဲ့သည်။ ပြည်ပ သတင်းဌာနနှင့် မီဒီယာများက ယင်းသို့ ပူးပေါင်းခြင်းသည် နိုင်ငံတော်အစိုးရက ၎င်းတို့အား အပြီးအပိုင် လက်နက်စွန့်ရန် ဖိအားပေး အကျပ်ကိုင်ခြင်းကြောင့်ဟူ၍လည်းကောင်း၊ တပ်မတော်အစိုးရက အပြီးအပိုင် လက်နက်စွန့်လွှတ်ရန် အတင်းအကျပ် ဖိအားပေးခဲ့သည့်အတွက်ကြောင့်ဟူ၍လည်းကောင်း ထုတ်လွှင့်သွားခဲ့ကြသည်။

ယင်းသို့ မမှန်မကန် ထုတ်လွှင့်ပြောဆိုချက်များသည် ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင် လဲလှယ်ခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ၏ စစ်မှန်သောစေတနာဖြင့် လုပ်ဆောင်ချက်များကို စော်ကားသည့် ထုတ်လွှင့်ချက်များ၊ ဥပဒေဘောင်အတွင်း ရောက်ရှိနေကြသည့် အခြားလက်နက်ကိုင်အဖွဲ့များအတွင်း သံသယပွားစေရန် လုပ်ကြံဖန်တီးလာသည့် ထုတ်လွှင့်ချက်များ ဖြစ်ပေသည်။

SSNAစိုင်းရီနှင့် နောက်လိုက်တစ်စု ဘိန်းစားပြ အကြမ်းဖက်သမားရွက်ဆစ်နှင့် ပူးပေါင်းသွားခြင်း၏ အခြေအနေမှန်နှင့် ဖြစ်ရပ်မှန်မှာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ဒေသအာဏာပိုင်တို့က တစ်စုံတစ်ရာ ဖိအားပေး အကျပ်ကိုင်ခြင်းကြောင့်မဟုတ်ဘဲ ၎င်းတို့ ဖုံးကွယ်လှည့်စားထားသည့် အမှန်တရား ပေါ်ပေါက်သွားခြင်းနှင့် ဥပဒေကို ရင်မဆိုင်ရဲခြင်းတို့ကြောင့် ယခုကဲ့သို့ တိမ်းရှောင်ထွက်ပြေးသွားခြင်းသာဖြစ်သည်။

အမှန်မှာ SSNAစိုင်းရီသည် ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး တရားဝင်ငြိမ်းချမ်းရေးအဖွဲ့အဖြစ် ရပ်တည်ကာ တစ်ဖက်ကလည်း နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်နေသည့်အဖွဲ့များနှင့် လျှို့ဝှက်ပူးပေါင်းဆောင်ရွက်နေသည့် ရေမှုတ်တစ်ဖက် မီးစတစ်ဖက်သမားသာဖြစ်သည်။

SSNAစိုင်းရီသည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကဲ့သို့ ဒေသဖွံ့ဖြိုးရေးနှင့်ဒေသခံပြည်သူများ၏ အကျိုးကို အားသွန်ခွန်စိုက် ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတော်က ထောက်ပံ့သည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ကိုင်နေသည့် စီးပွားရေးလုပ်ငန်းများမှရသည့် ဝင်ငွေများအား ကိုယ်ကျိုးအတွက် အလွဲသုံးစား လုပ်ကိုင်သုံးစွဲနေသူဖြစ်သည်။ ထို့အပြင် ဘိန်းစားပြ အကြမ်းဖက်သမားရွက်ဆစ်နှင့် လျှို့ဝှက်ဆက်သွယ်ဆောင်ရွက်မှု၊ ကျည်ဆန်များ မှောင်ခိုဆက်သွယ်ဝယ်ယူမှုများ ကျူးလွန်နေသူသာဖြစ်သည်။

ယခုအခါ ဘိန်းစားပြ အကြမ်းဖက်သမား၊ ပြည်ထောင်စုဖြိုခွဲရေးသမား SSAရွက်ဆစ်နှင့် SSNAစိုင်းရီတို့က နိုင်ငံတော်အစိုးရအား သုံးဖက်သုံးတန် ညှပ်တိုက်ရေးစီမံချက်အတိုင်း ပြည်သူလူထုအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ ကျူးလွန်နေကြောင်းသိရသည်။ ပြည်ပ ဆရာကြီးများနှင့် အကြမ်းဖက်အဖျက်သမားအုပ်စုများကလည်း တိုင်းပြည် တည်ငြိမ်မှု ပျက်ပြားစေရန်၊ ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန် ကောလာဟလသတင်းများ ထုတ်လွှင့်ခြင်းအပါအဝင် အဖျက်အမှောင့်လုပ်ရပ်များ ကျူးလွန်လျက်ရှိသည်။

အကြမ်းဖက်အဖျက်သမားများသည် ပြည်သူများကဲ့သို့ အသွင်ဆောင်ပြီး တစ်ဦးချင်း၊ တစ်ယောက်ချင်း လျှို့ဝှက်သွားလာ ဝင်ထွက်ကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာနိုင်၍ ပြည်သူများအနေဖြင့် မိမိတို့ရပ်ကွက် နယ်မြေများအတွင်း မသင်္ကာဖွယ်ရာလူစိမ်းများ၊ ပစ္စည်းများ၊ လှုပ်ရှားဆောင်ရွက်မှုများ၊ မဟုတ်မမှန် လုပ်ကြံထုတ်လွှင့်မှုများကို တွေ့ရှိ ကြားသိရပါက တာဝန်ရှိသူများထံ အကြောင်းကြားအသိပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူများ အကျိုးစီးပွားပျက်စီးစေရန် ကြံစည်လုပ်ဆောင်နေကြသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို အပြည့်အဝ ကာကွယ်တားဆီးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူအပေါင်းတို့က နိုးကြားသောသတိဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေလှောင်တမံနှင့် ဆက်သွယ်ရေးမြောင်းတူးဖော်မှု တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် စစ်ဆေး မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေး အစည်းအဝေးတက်ရောက်

ရန်ကုန် ဇွန် ၁၃

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)၊ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်း၊ တိုင်းစိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၄ ရက် ညနေ ၃ နာရီတွင် မိတ္ထီလာမြို့နယ် မုန်တိုင်ရေလှောင်တမံသို့ရောက်ရှိကြသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး စီမံကိန်း ညောင်ကုန်းရေလှောင်တမံမှ မိတ္ထီလာကန်သို့ ရေပေးသွင်းမည့် ဆက်သွယ်မြောင်း တူးဖော်ပြီးစီးမှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူးအား ရေလှောင်တမံရှင်းလင်းဆောင်တွင် မိတ္ထီလာခရိုင် ဆည်မြောင်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က မုန်တိုင်ရေလှောင်တမံမှ မိတ္ထီလာကန်သို့ ရေသွယ်မြောင်းဖောက်လုပ်မှုလုပ်ငန်း၊ မိတ္ထီလာမြို့ပတ်ဝန်းကျင်ရှိ ဆည်ကန်များ၏ တည်နေရာများနှင့် စိုက်ပျိုးရေပေးဝေမှုတို့အား ရှင်းလင်းတင်ပြရာ တိုင်းမှူးက စိုက်ပျိုးရေများလေလွင့်ဆုံးရှုံးမှုမရှိစေရေး မှာကြားသည်။

ညောင်ကုန်းရေလှောင်တမံ

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် မုန်တိုင် ရေလှောင်တမံမှ မိတ္ထီလာကန်သို့ရေသွယ်မြောင်း ကျောက်ရိုးစီခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာမြို့နယ် ညောင်ကုန်းကျေးရွာ အနီးရှိ မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး စီမံကိန်း ညောင်ကုန်း ရေလှောင်တမံသို့ ရောက်ရှိကြသည်။

တိုင်းမှူးအား စီမံကိန်းရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူးဦးမျိုးထွန်းက မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းအတွက် မိတ္ထီလာကန်သို့ ရေပေးသွင်းနိုင်ရေး၊ ညောင်ကုန်းရေလှောင်တမံ၊ လက်ခုပ်ပင်ရေလှောင်တမံ၊ လွန်ငင်ရေလှောင်တမံများတည်ဆောက်ပြီးစီးမှုနှင့် ရေလှောင်တမံများသို့ ဆက်သွယ်မြောင်း တူးဖော်ရေးလုပ်ငန်းများအား ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှု၊ ရေလှောင်တမံများ ဆက်သွယ်မြောင်းတူးဖော်မှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး ပျော်ဘွယ်မြို့နယ် ဘက်သဲကြီး ကျေးရွာအနီးရှိ ချောင်းကောက် ရေလှောင်တမံသို့ ရောက်ရှိ၍ ရေလှောင်တမံအတွင်း ရေဝင်ရောက် ထိန်းသိမ်းထားရှိမှုများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ညောင်ကုန်းရေလှောင်တမံမှ မိတ္ထီလာကန်သို့ ရေပေးသွင်းမည့် ဆက်သွယ်မြောင်း တူးဖော်ပြီးစီးမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ညနေ ၅ နာရီတွင် မိတ္ထီလာမြို့ ကန်တော် မင်္ဂလာခန်းမသို့ ရောက်ရှိပြီး မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

အစီအစဉ်အရ ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်နှင့် ကျောက်ဆည်ခရိုင်တို့မှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဆည်မြောင်းဦးစီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် သက်ဆိုင်ရာခရိုင်၊ မြို့နယ်များအလိုက် ဆက်စပ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးက မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများအားလုံး ဝိုင်းဝန်း၍ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

ဘက်စုံပြုပြင်ရေး ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်ဓာတ်နှင့် ဆံတော်ရှင်သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၊အပြင် ဘက်စုံပြုပြင်တည်ဆောက်မှု လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။တည်ဆောက်မှုလုပ်ငန်းများအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သလွံစေတီတော်မြတ်ကြီး ဖုန်း-၀၅၇-၂၁၃၃၄၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင် ဖုန်း-၀၅၇-၂၄၈၇၈နှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း၊ ဖုန်း-၀၅၇-၂၃၀၀၄တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှုအစီအစဉ် (က) ဦးလတ်၏ဇာတ်လမ်း ဖန်တီးမှုအတတ်ပညာ (ဒုတိယနှစ်၊ မြန်မာစာ)**
	(ခ) Introduction to Psychology (ပထမနှစ်-စိတ်ပညာ)
၅:၂၅	၉။ ပညာခေတ်
၅:၄၀	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အမြွှာနဲ့ကြမ္မာ (အပိုင်း-၃၂)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ကျန်းမာသုတအစီအစဉ်
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ချစ်သူသူရဲကောင်း အပိုင်း (၁၈)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

လယ်ယာသုံးစက်ပစ္စည်း အမယ်သစ်များ တိုးချဲ့ထုတ်လုပ် စိုက်ပျိုးရာသီအမီ ထုတ်လုပ်ဖြန့်ဖြူးရေး စက်မှု(၂)ဝန်ကြီး မှာကြား

ရန်ကုန် ဇွန် ၁၃

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၀ရက် ညနေပိုင်းတွင် ပဲခူးတိုင်း(အနောက်ပိုင်း)ပန်းတောင်းမြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ထုံးဘို)သို့ ရောက်ရှိပြီး ဇွန် ၁၁ရက် နံနက်ပိုင်းတွင် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ရှေးဦးစွာ စက်ရုံအထွေထွေမန်နေဂျာ ဦးတင့်လွင်က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်အပေါ် အကောင်အထည်ဖော် ထုတ်လုပ်နိုင်မှု အခြေအနေနှင့် ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် လျာထားချက်ပြည့်မီစေရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းထုတ်လုပ်

ဝန်ကြီးက မာဇဒါဂျစ် မော်တော်ယာဉ်များကို လျာထားချက် ပြည့်မီစေရန် ကြိုးပမ်းထုတ်လုပ်ရေး၊ ကုန်ကြမ်းများကို ဖြည့်တင်းထားရှိရေး၊ စက်စွမ်းအားပြည့်ထုတ်လုပ်ရေး၊ အရေးကြီးစက်ပစ္စည်း အစိတ်အပိုင်းများကို စဉ်ဆက်မပြတ် ထုတ်လုပ်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံ (ထုံးဘို)၏ စက်ပစ္စည်း အလုပ်ရုံ၌ မာဇဒါဂျစ် မော်တော်ယာဉ်သုံး စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ တပ်ဆင်ရေး အလုပ်ရုံ၌ မာဇဒါဂျစ် မော်တော်ယာဉ်များ တပ်ဆင်မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ စက်ရုံ အထွေထွေမန်နေဂျာ ဦးတင့်လွင်က ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက တပ်ဆင်ပြီး မော်တော်ယာဉ်များကို သေချာစွာ စမ်းသပ်စစ်ဆေးရေး၊ ဆေးရောင်သစ်လွင်တောက်ပရေး၊ စက်သုံးဆီများကို စနစ်တကျဖြိုးခြိုး ချွေတာသုံးစွဲရေးတို့ကို မှာကြားသည်။

လယ်ယာသုံးစက်ရုံ

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မွန်းလွဲပိုင်းတွင် အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှု စက်ရုံ(ဆင်တဲ)သို့ ရောက်ရှိသည်။ ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံ အထွေထွေမန်နေဂျာ ဦးခင်ဇော်က စက်ရုံမှထုတ်လုပ်သည့် လယ်ယာသုံး စက်ပစ္စည်းများ၊ အမျိုးအစားအလိုက် ထုတ်လုပ်မှုလျာထားချက်နှင့် ထုတ်လုပ်ပြီးစီးမှုအခြေအနေ၊ ကုန်ကြမ်းများရရှိမှု အခြေအနေနှင့် အခြားစက်ရုံများအတွက် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ပေးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လယ်ယာသုံး စက်ပစ္စည်း အမယ်သစ်များ တိုးချဲ့ထုတ်လုပ်ရေး၊ ထုတ်လုပ်မှု လျာထားချက်ပြည့်မီရေး၊ စိုက်ပျိုးရာသီအမီ ထုတ်လုပ်ဖြန့်ဖြူးရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ကုန်ကြမ်းပစ္စည်းများကို ဖြည့်တင်းထားရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တပ်ဆင်ရေးအလုပ်ရုံ အမှတ်(၁)၌ လက်တွန်းထွန်စက်နှင့် ထော်လာဂျီများ တပ်ဆင်မှုနှင့် စမ်းသပ်စစ်ဆေးမှုများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံ အထွေထွေမန်နေဂျာ ဦးခင်ဇော်က ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ထုတ်လုပ်သည့် စက်ပစ္စည်းများကို သေချာစွာ စမ်းသပ်စစ်ဆေးရေး၊ သုံးစွဲသူများ အလွယ်တကူ မောင်းနှင်အသုံးပြုနိုင်စေရန် စီစဉ်ဆောင်ရွက်ရေး၊ ဈေးကွက်သို့ ဆောလျင်စွာ ပေးပို့ရေး၊ စက်သုံးဆီများကို စနစ်တကျသုံးစွဲရေးတို့ကို မှာကြားသည်။

ဂျင်နရေတာအလုပ်ရုံ

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ တည်ဆောက်လျက်ရှိသော လျှပ်စစ်ဂျင်နရေတာ ထုတ်လုပ်မှုအလုပ်ရုံကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းမှ ညွှန်ကြားရေးမှူး (စီမံကိန်း)ဦးဝင်းတင့်က စက်ပစ္စည်းများ ရောက်ရှိမှုအခြေအနေ၊ နိုင်ငံခြားမှ စက်မှုပညာရှင်များ ရောက်ရှိမည့် အခြေအနေနှင့် နည်းပညာ လွှဲပြောင်းရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက စက်ပစ္စည်းများ ပြည့်စုံစွာရောက်ရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ ရောက်ရှိပြီး စက်များကို တင်ဆင်ပြီး စမ်းသပ် လည်ပတ်ရေး၊ သတ်မှတ်ထားသည့်အချိန်တွင် ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် လျှပ်စစ်ဂျင်နရေတာ ထုတ်လုပ်မှုအလုပ်ရုံ တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်းညွှန်ကြားရေးမှူး ဦးကျော်ညွန့်က ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက အဆောက်အအုံများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် တည်ဆောက်ရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့ကို မှာကြားသည်။

(သတင်းစဉ်)

သတင်းတပ်ဖွဲ့ ပညာသင်ထောက်ပံ့ငွေ ပေးအပ်

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ခြင်း အခမ်းအနားကို ဇွန် ၁၁ရက်က မရမ်းကုန်းမြို့နယ် အောင်သပြေရဲရိပ်သာ၌ ကျင်းပရာ သတင်းတပ်ဖွဲ့မှူး**(အပေါ်ပုံ)**၊ ဒုတိယတပ်ဖွဲ့မှူးနှင့် အောက်မြန်မာနိုင်ငံ သတင်းတပ်ဖွဲ့ခွဲမှူးတို့က တစ်ဦးချင်းပေးအပ်ခဲ့သည်။ (က-ပ)

ရွှေဘုံသာစေတီတော် ထီးတော်တင်လှူပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၃

မုံရွာခရိုင် အရာတော်မြို့နယ် ဘောင်းကျကျေးရွာ ရွှေဘုံသာစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ ထီးတော်တင်လှူပွဲအခမ်းအနားကို ဇွန် ၂၁ရက်တွင် ရွှေဘုံသာစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စေတီတော်ကြီးနှင့် အရံစေတီတော်များကို အလှူရှင် မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိမလ၊ ဘောင်းကျကျေးရွာ ဦးစံဝင့်မိသားစု မန္တလေးမြို့။ ဦးခင်မောင်ဝင်း-ဒေါ်နီနီသန်း (ထိပ်တန်း စက်ပစ္စည်းရောင်းဝယ်ရေး) မိသားစုတို့က ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၀၅ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ယဉ်ကျေးမှုလက်ရာစုံစွာဘုရားအာနန္ဒာ
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ပြည်တွင်းသတင်းအကျဉ်း
၇:၃၀	Sunday Talk
၈:၂၀	တေးဂီတအစီအစဉ်
၈:၂၅	Star Album
၉:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၅	ဂုန်လျှော်စိုက်ပျိုးရေးအတွက် အချိန်ကာလအလိုက် ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများ
၉:၁၅	နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၉:၂၅	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀	မိုးလေဝသခန့်မှန်းချက်
၉:၃၅	ပုစွန်ခြောက်စက်ရုံ-အင်းလေးမြိုင်စက်မှုဇုန်(မြိတ်မြို့)
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	မြန်မာစာ၊ မြန်မာစကား
၁၀:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅	သူ့ဘဝသူ့လက်ရာ (ပန်းချီဝင်းမြင့်မိုး၏ရေဆေးပန်းချီ)
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	နာတာရှည်အတက်ရောဂါ(သို့)ဝက်ရူးပြန်ရောဂါ
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	တီလားဗီးယားငါးဈေးပွဲတော်
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၁၂)ဖြန့်ချိ



ရန်ကုန် ဇွန် ၁၃

ကျန်းမာခြင်းသည် လူတိုင်းတောင့်တသော ပြည့်စုံအပ်သည့်အရာဖြစ်သည်။ ကျန်းမာခြင်း၌ ကိုယ်၏ကျန်းမာခြင်းနှင့် စိတ်၏ကျန်းမာခြင်းဟူ၍ရှိရာ စိတ်ပျော်ရွှင်ချမ်းမြေ့မှုနှင့်ပျိုလန်းဆန်းနိုင်မည်။ ကျေးလက်ဒေသနေပြည်သူများ ကျန်းမာပျော်ရွှင်လန်းဆန်းရေးအတွက် အသိပညာ၊ဗဟုသုတများ ပေးနိုင်ရန် ဒို့ကျေးရွာဂျာနယ်မှ အားထုတ်ကြိုးပမ်းလျက်ရှိသည်။ ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် ကျေးဇူးရှင်လယ်သမား၊ မြန်မာပြည်အရှေ့ဖျားမှ ကျေးလက်ပွဲတော်မြင်ကွင်း၊ မိုးကြိုနှမ်းအထွက်နှုန်းမြင့်ရန်၊ ရွှေ့ပြောင်းတောင်ယာမှ ကုန်းမြင့်လယ်ယာသို့၊ ဆေးဖက်လည်းဝင်ကင်ပွန်းချဉ်၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ပြန်ကြားလွှာ၊ လွယ်လွယ်ကူကူ ငါး၊ ဘဲ မွေးမြူကြမယ်၊ တောင်သူလယ်သမားတို့အတွက် လယ်ယာလက်တွန်းထွန်စက်၊ ၄ကသတ္တဝါနှင့် စိတ်ဝင်စားဖွယ် ထူးခြားသောလေ့စရိုက်များ စသည့် ဆောင်းပါးများအပြင် ကာတွန်း၊ ပုံပြင်၊ ဟာသ၊ ကဗျာ၊ ကျန်းမာရေးသုတ စသည့်ကဏ္ဍများကို ဖတ်ချင်စဖွယ် ဝေဝေဆာဆာဖြင့် ထည့်သွင်းဖော်ပြထားသည်။ **(ဝဲပုံ)**

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့်ကြော်ငြာများကို အမှတ်(၃၀-၃၂)(၁၀)လမ်း၊ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၂၊ ၂၅၂၄၅၂၊ ၃၇၉၇၆၈တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

ပညာသင်စရိတ်ထောက်ပံ့ စာအုပ်နှင့်ဝတ်စုံများပေးအပ်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ ဦးဆောင်မှု၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ အစီအစဉ်ဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျောင်းနေအရွယ် ကလေးများအတွက် စာရေးကိရိယာနှင့် ပညာသင်စရိတ် ထောက်ပံ့ခြင်း အခမ်းအနားကို ဇွန် ၁၀ရက် နံနက် ၉နာရီက အထက(၂) ကျောင်းခန်းမတွင်ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြအောင်နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး မြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ ၆၈၂ဦးအတွက် ငွေကျပ် ၁၈၇၅၅၀၀နှင့် စာသင်နှစ်တစ်နှစ်စာ စာအုပ် ၆၈၂ဒါဇင်နှင့် ဝတ်စုံ၆၈၂စုံကို ပေးအပ်ခဲ့သည်။

(အပေါ်ဝဲပုံ) (ပြန်/ဆက်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

ငြိမ်းချမ်းသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ် တရုတ်နိုင်ငံကျင့်သုံး ကမ္ဘာ့နိုင်ငံများနှင့် အပြန်အလှန်အကျိုးရှိရေးအခြေခံဖြင့် ပူးပေါင်းဆောင်ရွက်

ပေကျင်း ဇွန် ၁၂

တရုတ်နိုင်ငံအနေဖြင့် ငြိမ်းချမ်းသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်၊ ပွင့်လင်းမှု အခြေခံကျသော အမျိုးသားမူဝါဒ၊ ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုတိုးမြှင့်စေမည့် ကမ္ဘာ့နိုင်ငံများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မည့် လမ်းစဉ်အား ခိုင်မြဲစွာလိုက်နာမည်ဖြစ်ကြောင်း တရုတ်ဒုတိယသမ္မတ ဇန်ကင်ဟောင်က ပေကျင်းတွင် ကြာသပတေးနေ့က ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် တန်းတူညီမျှရေးနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းရေး မူဝါဒအပေါ် အခြေပြုပြီး နိုင်ငံအားလုံးနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ နည်းပညာနှင့် စီးပွားရေးဖလှယ်မှုများ တိုးတက်ရေးအတွက် အပြန်အလှန် အကျိုးရှိသည့်မူဝါဒအား ဆက်လက်ကိုင်စွဲသွားမည်ဖြစ်ကြောင်း ဇန်ကင်ဟောင်က ကမ္ဘာ့မြို့တော်ဝန် ဖိုရမ်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

စီးပွားရေးဆိုင်ရာ ကမ္ဘာလွှမ်းခြုံပေါင်းဆုံမှုဖြစ်စဉ် အရှိန်မြင့်မားလာသည်နှင့်အမျှ နိုင်ငံအများအတွင်း စီးပွားရေးအရ ဆက်ဆံမှုသည် တရင်းတနီး နီးစပ်မှုရှိလာကာ စီးပွားရေးခိုင်မာစေရေး၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုပေါ်ပေါက်လာစေရေး စသည့် လက်ရှိအခါသမယ၏ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးမှုသည် ကမ္ဘာတစ်ဝန်းရှိ အခြားဒေသများနှင့် တရင်းတနီးဆက်စပ်မှုရှိနေပြီး ကမ္ဘာတစ်ဝန်းကြီးပွားချမ်းသာမှုသည် တရုတ်ပြည်မပါဘဲ အောင်မြင်မှုမရှိနိုင်ကြောင်း၊ တရုတ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုက ကမ္ဘာတစ်ဝန်းမှ ကျန်နိုင်ငံများ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုအတွက် အရေးပါသည့် အခွင့်အလမ်းများကို ဖြည့်ဆည်းပေးလျက်ရှိနေကြောင်း စသည်ဖြင့် ၎င်းက ထပ်လောင်းပြောကြားသည်။

ဖော်ပြပါ ဖိုရမ်အစည်းအဝေးသို့ နိုင်ငံများနှင့် ဒေသ ၃၈ ခုမှ မြို့တော်ဝန် ၁၀၀ နီးပါးအပါအဝင် ကိုယ်စားလှယ် ၄၀၀ တို့ တက်ရောက်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

စမ်းသပ်စစ်ဆေး

တရုတ်နိုင်ငံဒေါင်ဖန်းမော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံတွင် အလုပ်သမားတစ်ဦး စက်ပိုင်းဆိုင်ရာ စမ်းသပ်စစ်ဆေးနေသည်ကို ဇွန်၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒိုမီနီကန်သံရုံး အိန္ဒိယတွင် ဖွင့်လှစ်မည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် လိုလား

နယူးဒေလီ ဇွန် ၁၂

ဒိုမီနီကန်သမ္မတနိုင်ငံသည် မကြာမီကာလအတွင်း အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် သံရုံးသစ်တစ်ရုံးကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဇွန် ၁၀ ရက်တွင် အင်ဒို-အေရှားသတင်းဌာနက ဖော်ပြသည်။

ဒိုမီနီကန်နိုင်ငံ သတင်းနှင့်နည်းပညာဝန်ကြီး အက်ဒီအမ်၊ မာတီးနဇ်သည် အိန္ဒိယနိုင်ငံ တောင်ပိုင်းကေယားလာပရာဒေ့ချ် ပြည်နယ်၏ မြို့တော် သီရာဗာနန်သာပူရမ်သို့ သုံးရက်ကြာအလည်အပတ်ခရီး ရောက်လျက်ရှိသည်။ မိမိ အိန္ဒိယနိုင်ငံသို့ ပထမဦးဆုံးလာရောက် လည်ပတ်ရသည်ကို များစွာ ဝမ်းမြောက်မိသည့်အပြင် မကြာမီကာလအတွင်းတွင် အိန္ဒိယ၌ ဒိုမီနီကန်သံရုံး ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသွားသည်။

လိုလား

အိန္ဒိယနှင့် ဒိုမီနီကန်တို့သည် ပူးပေါင်းဆောင်ရွက်ရန် လိုလားသည့်အလျောက် မိမိအနေဖြင့် အိန္ဒိယတွင် သံရုံး ဖွင့်လှစ်ထားရှိရေးကိစ္စကို လုပ်ဆောင်ရန်လိုလားနေကြောင်း မာတီးနဇ်က ပြောကြားသည်။ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒိုမီနီကန်စီးပွားရေး အသိုင်းအဝိုင်းများကို ဦးဆောင်ကာ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို အခြေချအုတ်မြစ်လောင်းပေးနိုင်ရန် မာတီးနဇ်သည် အိန္ဒိယနိုင်ငံသို့ လာရောက်ခြင်းဖြစ်သည်။

သတင်းဖြန့်ချိရေးနှင့် ဖျော်ဖြေရေးနယ်ပယ်၊ ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်၊ ပညာရေးနှင့် သတင်းနှင့်နည်းပညာနယ်ပယ်များတွင် အိန္ဒိယနှင့်ဒိုမီနီကန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သွားကြရန် မျှော်လင့်ထားကြောင်း မာတီးနဇ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အကြမ်းဖက်မှုတိုက်ဖျက်ရေး ထိုင်းတပ်ဖွဲ့ဝင်များစေလွှတ်ရန် အစီအစဉ်မရှိ

ဗန်ကောက် ဇွန် ၁၂

မလေးရှားအခြေစိုက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဒေသဆိုင်ရာဗဟိုဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် မိမိတို့အသင့်ရှိသော်လည်း ယင်းဌာနအတွက် တပ်ဖွဲ့ဝင်များ စေလွှတ်ရန်အစီအစဉ်မရှိကြောင်း ထိုင်းကာကွယ်ရေးဝန်ကြီး သမ်မာရက်အစ္စရန်ကူရာ အယုဒ္ဓယက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

စင်ကာပူနိုင်ငံတွင် ဇွန် ၃ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သော အာရှလုံခြုံရေးဆိုင်ရာညီလာခံ၏ သဘောတူညီချက်အရ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဒေသဆိုင်ရာ ဗဟိုဌာနကို မလေးရှားနိုင်ငံတွင် ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါဗဟိုဌာန ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ မလက္ကာရေလက်ကြားဒေသတွင် ပင်လယ်ဓားပြတိုက်မှုပြဿနာကို ထိန်းချုပ်နိုင်ရန်ဖြစ်သည်။

မလက္ကာ ရေလက်ကြားဒေသသည် ကမ္ဘာ့ရေနံထက်ဝက်နှင့် ကမ္ဘာ့ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၏ သုံးပုံတစ်ပုံအတွက် ကုန်သွယ်ရေကြောင်း သင်္ဘောများသွားလာရာတွင် သုံးစွဲသော အဓိကကျသည့် ရေကြောင်းလမ်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

စီးပွားရေးတိုးနှုန်း တန်ဇန်းနီးယားမြှင့်တင်မည် ဒေါ်လာ ၃ ဒသမ ၇၆၂ ဘီလီယံ ကျခံသုံးစွဲမည်

ဒိုဒိုမာ (တန်ဇန်းနီးယား) ဇွန် ၁၂

တန်ဇန်းနီးယားနိုင်ငံသည် နိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်း မြှင့်တင်ရန် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆၂ ဘီလီယံ ကျခံသုံးစွဲမည့် စီမံကိန်းတစ်ရပ်ကို ဗုဒ္ဓဟူးနေ့တွင် ကြေညာလိုက်သည်။

တန်ဇန်းနီးယားနိုင်ငံ အလယ်ပိုင်း ဒိုဒိုမာမြို့တွင် ကျင်းပသည့် တန်ဇန်းနီးယား အမျိုးသားလွှတ်တော်သို့ တင်သွင်းသော ရသုံးမှန်းခြေငွေစာရင်း အစီရင်ခံစာတွင် ဘဏ္ဍာရေးဝန်ကြီး ဘာဆီးလ်မရမ်ဘာက ယင်းစီမံကိန်းအကြောင်းကိုထုတ်ဖော်ပြောကြားသည်။ ရသုံးမှန်းခြေငွေစာရင်း အရင်းအမြစ်များကို အခြေခံအဆောက်အအုံ၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် ရေရရှိရေး စီမံကိန်းများကဲ့သို့သော အဓိကကဏ္ဍများတွင် အသုံးပြုမည်ဖြစ်ပြီး နိုင်ငံ၏ နှစ်စဉ်စီးပွားရေးတိုးနှုန်းကို ၂၀၀၅ခုနှစ်တွင် ၆ဒသမ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၀၆ခုနှစ်တွင် ၇ဒသမ၂ ရာခိုင်နှုန်းသို့ လည်းကောင်း မြှင့်တင်ရန် မျှော်မှန်းထားသည်။

၂၀၀၅-၂၀၀၆ ခုနှစ်အတွက် နိုင်ငံတော် ရသုံးမှန်းခြေ ငွေစာရင်း၏ ၄၁ ရာခိုင်နှုန်းကို ပြည်ပအထောက်အပံ့ငွေနှင့် အတိုးနှုန်းသက်သာသော ချေးငွေမှတစ်ဆင့် ရရှိသည်။ ကျန်ငွေကို ပြည်တွင်း အခွန်ရငွေနှင့် ပုဂ္ဂလိကလက်သို့ လွှဲပြောင်းပေးရေး အစီအစဉ်အရ နိုင်ငံပိုင်လုပ်ငန်းများ ရောင်းရငွေမှ ရရှိသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ကိုရီးယားသမ္မတနိုင်ငံ မြို့တော်ဆိုးလ်တွင် ရှေးဟောင်းမြို့ရိုးတံတိုင်းနှင့် ယှဉ်တွဲမြင်တွေ့ရသော ခေတ်မီ မြို့ပြအဆောက်အအုံများကို ဇွန်၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

လူငယ်များ မူးယစ်ပစ္စည်းများသုံးစွဲခြင်းမှ ကာကွယ်ရန် ကင်ညာတွင် အရက်နှင့်ဆေးလိပ်ကြော်ငြာ ပိတ်ပင်မည်

နိုင်ရိုဘီ ဇွန် ၁၂

ဘီယာနှင့်အရက် စသည့်ပစ္စည်းများကို ကင်ညာနိုင်ငံတွင် ရုပ်မြင်သံကြားမှ ကြော်ငြာခြင်းနှင့် ဆိုင်းဘုတ်ကြီးများ ထောင်၍ ကြော်ငြာခြင်းများကို ခွင့်ပြုမည်မဟုတ်ကြောင်း သတင်းမီဒီယာများက ဖော်ပြခဲ့ကြသည်။

ထိုသို့ ကြော်ငြာခွင့် ပိတ်ပင်ရခြင်းမှာ ကင်ညာလူငယ်များ အရက်သေစာသောက်စားတတ်လာမည်ကို မလိုလားသည့်အတွက် ပိတ်ပင်ရခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ကြော်ငြာများ ဖော်ပြသည်ကို စတင်ပိတ်ပင်မည့်နေ့ကို လာမည့်သီတင်းနှစ်ပတ်အတွင်း ကင်ညာနိုင်ငံရှေ့နေချုပ် အာမို့စ်ဝါကိုက ထုတ်ပြန်ပေးမည် ဖြစ်သည်ဟု ဒေးလီးနေးရှင်း သတင်းစာက ရေးသားခဲ့သည်။

စိစစ်ဆုံးဖြတ်

ယခုကိစ္စနှင့်ပတ်သက်သော မူဝါဒအသစ်ကို သက်ဝင်လှုပ်ရှားလာစေရန် ဥပဒေအသစ်ထုတ်ပြန်ခြင်း အားဖြင့် အတည်ပြုရမည်။ ထိုသို့အတည်ပြုနိုင်ရန် သမ္မတရုံး၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကင်ညာအစိုးရနှင့် ရှေ့နေချုပ်များက စိစစ်ဆုံးဖြတ်ပေးရမည် ဖြစ်သည်။

ဆေးရွက်ကြီးပစ္စည်းများ သုံးစွဲမှုနှင့် ကြော်ငြာသည့် ကိစ္စများနှင့်ပတ်သက်၍လည်း ကင်ညာနိုင်ငံ ကျန်းမာရေးဝန်ကြီး ချယ်ရတီနဂိလူးသည် သောကြာနေ့တွင် တင်ပြမည်ဖြစ်ကြောင်း မျှော်လင့်ရသည်။

ဘီယာနှင့်အရက်များ မကြော်ငြာရဟု ကြေညာခြင်းသည် ယမကာလုပ်ငန်းများအတွက် အထိနာစေသော ထိုးနှက်မှုပင်ဖြစ်သည်။ မကြာသေးမီအချိန်ကလည်း ဘီယာအပေါ် ကောက်ခံသောအခွန်နှုန်းထားကို ၁၀ ရာခိုင်နှုန်း မြှင့်တင်ခဲ့သည်။

ယခုနှစ် ဖေဖော်ဝါရီလကတည်းက အရက်နှင့် ဆေးလိပ်ကြော်ငြာများကို စာသင်ကျောင်းများအနီးတွင် မထားရ၊ မထောင်ရဟူ၍ တားမြစ်ချက်များ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ အရက်နှင့် ဆေးရွက်ကြီးပစ္စည်းဆိုင်ရာ ထုတ်ပြန်မှုအသစ်များပြုလုပ်မည့် အစီအစဉ်သည် အထက်ပါ ဖေဖော်ဝါရီလ ထုတ်ပြန်ချက်၏ နောက်ဆက်တွဲ ထုတ်ပြန်ချက်ပင်ဖြစ်ကြောင်း သိရသည်။ ကင်ညာနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး အလွဲသုံးစားမှု တိုက်ဖျက်ရေးအဖွဲ့၏ အစီရင်ခံစာထွက်ပေါ်လာပြီးနောက် ဖော်ပြပါ အရေးယူမှုများ ဆက်လက်ထွက်ပေါ်လာခြင်းလည်း ဖြစ်သည်။

ကင်ညာနိုင်ငံက ဆေးလိပ်နှင့်ပတ်သက်၍ ၂၀၀၄ ခုနှစ် ငွေကြေးသုံးစွဲမှု စာရင်းတွင် သုံးစွဲငွေပမာဏသည် အမေရိကန် ဒေါ်လာ ၃၉၅ သန်းရှိကြောင်း ခန့်မှန်းချက်များက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ကိုရီးယား အမျိုးသမီးတစ်ဦး ကန် စစ်ယာဉ်တိုက်၍ သေဆုံး

ဆိုးလ် ဇွန် ၁၂

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တော်၏ မြောက်ဘက်ကီလိုမီတာ ၄၀ အကွာတွင်တည်ရှိသော ဒေါင်ဒူချွမ်မြို့၌ အမေရိကန် စစ်ထရပ်ကားတစ်စီးက ဇွန် ၁၀ ရက်တွင် ကိုရီးယားအမျိုးသမီးတစ်ဦးကို တိုက်သွားသည့်အတွက် ထိုအမျိုးသမီးမှာ သေဆုံးသွားရကြောင်း ယွန်ဟပ်သတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်စစ်ထရပ်ကားနှင့်တိုက်မိချိန်တွင် ယာဉ်အတိုက်ခံရသူ အမျိုးသမီးကင်မှာ လှည်းတစ်စီးကိုတွန်း၍ သွားနေချိန်ဖြစ်သည်။

အဆိုပါ ကားကိုမောင်းလာသူမှာ အမေရိကန်တပ်ဖွဲ့မှ ဘာရိုင်ရင်ဖြစ်ကြောင်း သတင်းကဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးအား တရားစွဲဆိုမှုကို စပိန်အစိုးရ ထောက်ခံ

မဒရစ် ဇွန် ၁၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် စပိန်ရုပ်မြင်သံကြားဌာနမှ ဓာတ်ပုံသတင်းထောက်အား လွန်ခဲ့သည့် နှစ်နှစ်က ပစ်ခတ်မှုတွင် ပါဝင်ပတ်သက်ခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးကို စပိန်တရားသူကြီးတစ်ဦးက တရားစွဲဆိုမှုနှင့် စုံစမ်းစစ်ဆေးမှုအပေါ် အစိုးရကထောက်ခံကြောင်း စပိန်တရားရေးဝန်ကြီး ဂျူအန်ဖာနေဒို လိုပက်ဇ်အာဂျီလာက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

တရားရုံးချုပ် တရားသူကြီး ဆန်တီ ရေဂိုပီဒရက်ဇ်၏ စုံစမ်းစစ်ဆေးမှုကို စပိန်အစိုးရက အကူအညီပေးမည် ဖြစ်ကြောင်း မဒရစ်တွင်ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတွင် အာဂျီလာက ပြောကြားသည်။

ထုတ်ဖော်ပြောကြား

အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး၏ ကိစ္စအား စုံစမ်းစစ်ဆေးမှုကို တတိယနိုင်ငံတစ်နိုင်ငံမှ တရားသူကြီး တစ်ဦးကသာ ပြုလုပ်သင့်ကြောင်း အမေရိကန်အစိုးရ၏ ပြောဆိုမှုနှင့်ပတ်သက်၍ အာဂျီလာက ဝမ်းနည်းမိကြောင်း ထုတ်ဖော်ပြောကြားသည်။

အဆိုပါ စပိန်ရုပ်မြင်သံကြား ဓာတ်ပုံသတင်းထောက်သည် ဂျိုဆေးကူဆို ဖြစ်ပြီး တယ်လီစင်ကို ရုပ်မြင်သံကြားဌာနတွင် လုပ်ကိုင်နေသူတစ်ဦး ဖြစ်သည်။ အမေရိကန်တပ်ဖွဲ့မှ တင့်ကားတစ်စီးက ပြည်ပသတင်းစာဆရာများတည်းခိုနေသည့် ဘဂ္ဂဒက်ရှိ ဟိုတယ်ကို ၂၀၀၃ ခုနှစ်က တိုက်ရိုက်ပစ်ခတ်ခဲ့ရာ ဂျိုဆေးကူဆိုနှင့် ယူကရိန်းနိုင်ငံသား ဓာတ်ပုံသတင်းထောက်တစ်ဦး ထိမှန်သေဆုံးခဲ့ခြင်းဖြစ်သည်။

စွပ်စွဲထား

နယ်စည်းမထားသတင်းစာ ဆရာများအုပ်စုက တရားသူကြီး ပီဒရက်ဇ်အား ဂျိုဆေးကူဆို သေဆုံးမှုနှင့်ပတ်သက်၍ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးအား တရားဥပဒေအရ စစ်ဆေးအရေးယူရန်အတွက် ယုံကြည်စွာဖြင့် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ တပ်ဖွဲ့ဝင်များသည် နိုင်ငံတကာ အသိုင်းအဝိုင်းအား တိုက်ခိုက်သည့် ပြစ်မှုဖြင့် စွပ်စွဲထားသည်။

ပြစ်မှုထင်ရှားကြောင်း တွေ့ရှိပါက စပိန်ဥပဒေအရ ၎င်းတပ်ဖွဲ့ဝင်သုံးဦးသည် ထောင်ဒဏ် ၁၀ နှစ်မှ ၁၅ နှစ်အထိ ကျခံရမည် ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဇွန် ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သဘာဝကပ်ဘေးဆိုက်ရောက်မှု လျှော့ချနိုင်ရေး ကြိုးပမ်း ကုလသမဂ္ဂအေဂျင်စီနှင့် မီဒီယာဌာနများ ပူးပေါင်းဆောင်ရွက်

ဂျီနီဗာ ဇွန် ၁၂

ကုလသမဂ္ဂအဖွဲ့အစည်းတစ်ရပ်ဖြစ်သော နိုင်ငံတကာ သဘာဝကပ်ဘေး ဆိုက်ရောက်မှု လျှော့ချရေး မဟာဗျူဟာဌာန(အိုင်အက်စ်အာဒီ)သည် အာရှ-ပစိဖိတ်ရုပ်မြင်သံကြားနှင့် အသံလွှင့်သမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်ရန် သောကြာနေ့တွင် သဘောတူညီမှု ရရှိသည်။

နိုင်ငံတကာ သဘာဝကပ်ဘေး ဆိုက်ရောက်မှု လျှော့ချရေး မဟာဗျူဟာဌာနသည် ရေဒီယိုနှင့်ရုပ်မြင်သံကြားဌာနပေါင်း ၁၆၂ ခုပါဝင်သော အာရှ-ပစိဖိတ် ရုပ်မြင်သံကြားနှင့် အသံလွှင့်သမဂ္ဂနှင့် ပူးပေါင်း ဆောင်ရွက်ရခြင်းရည်ရွယ်ချက်မှာ အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံများတွင် သဘာဝဘေးအန္တရာယ် လျှော့ချနိုင်ရေးအတွက် ပြည်သူများအား အသိပညာပေးသည့် လုပ်ငန်းကို လုပ်ဆောင်နိုင်ရန်ဖြစ်ကြောင်း အိုင်အက်စ်အာဒီက ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင်ဖော်ပြထားသည်။

ပါဝင်လှုပ်ရှားနေ

မီဒီယာဌာနများသည် အများပြည်သူ၏ အသက်ဘေး အန္တရာယ်လုံခြုံမှု ရရှိရေးနှင့် သဘာဝကပ်ဘေးတို့၏ ဆိုးကျိုးသက်ရောက်မှုများမှ တားဆီးပေးနိုင်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားနေသည်။

မီဒီယာဌာနများသည် သဘာဝဘေး အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်း၌ ကြိုတင်သတိပေးရေးစနစ်၏ တစ်စိတ်တစ်ဒေသအဖြစ် ရပ်တည်ရုံမျှသာမဟုတ် သဘာဝကပ်ဘေး ဆိုက်ရောက်မှုများမှ ကာကွယ်ရာတွင် ပြည်သူများ ပြင်ဆင်ဆောင်ရွက်နိုင်ကြရန် အထောက်အကူပေးကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် အိုင်အက်စ်အာဒီ ညွှန်ကြားရေးမှူး ဆယ်လ်ဗာနိုဘရီဆင်နို၏ ကြေညာချက်တွင် ဖော်ပြထားသည်။

မီဒီယာဌာနများသည် သဘာဝကပ်ဘေးဆိုက်ရောက်နိုင်မှု အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးခြင်းဖြင့် ပြည်သူများအနေဖြင့် သဘာဝဘေး အန္တရာယ်များအတွက် ပြင်ဆင်ဆောင်ရွက်နိုင်ကြောင်း သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းအတွက် အစိုးရအဖွဲ့အစည်းများနှင့် နိုင်ငံသားများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ပြုလုပ်သင့်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယမြောက်ပိုင်းဘီဟာပရာဒေ့ရှ်တွင် ဗြိတိသျှကုမ္ပဏီ ရေနံစူးစမ်းရှာဖွေမည်

နယူးဒေလီ ဇွန် ၁၂

ဗြိတိသျှ ရေနံနှင့်ဓာတ်ငွေ့ စူးစမ်းရှာဖွေရေး ကုမ္ပဏီဖြစ်သော ကီယန် စွမ်းအင်ရှာဖွေရေး လီမိတက်သည် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂင်္ဂါမြစ်တစ်ကြောရှိ ဘီဟာပရာဒေ့ရှ်ပြည်နယ်တွင် ရေနံစူးစမ်းရှာဖွေမည်ဖြစ်ကြောင်း အင်ဒို-အေးရှား သတင်းဌာနက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

ဗြိတိန်နိုင်ငံ အီဒင်ဘာ့ဂ်မြို့ အခြေစိုက် ကီယန် စွမ်းအင်ရှာဖွေရေး လီမိတက်သည် အိန္ဒိယရှိ ၎င်း၏ လက်အောက်ခံ စွမ်းအင်ကုမ္ပဏီဖြစ်သော အိန္ဒိယကီယန် ရေနံလီမိတက်နှင့်အတူ လွန်ခဲ့သည့်နှစ်ရက်က ဘီဟာပရာဒေ့ရှ်ပြည်နယ် အစိုးရထံမှ ခွင့်ပြုချက်ရရှိခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ကုမ္ပဏီနှစ်ခုသည် မိုးရာသီကုန်ဆုံးပြီးနောက် မကြာမီမှာပင် ရေနံစူးစမ်းရှာဖွေရေးလုပ်ငန်းကို စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အောက်တိုဘာလတွင် လုပ်ငန်းစတင်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြည်နယ် သတ္တုတွင်းလုပ်ငန်းအတွင်းဝန် ဘီကေဟာယ်ဒါက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပြောက်ကျားတို့တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၁၂

ဘဂ္ဂဒက်မြောက်ပိုင်းတွင် ပြောက်ကျားတို့၏ သီးခြားတိုက်ခိုက်မှု နှစ်ခုဖြစ်ပွားခဲ့စဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

သေဆုံး

ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်း ကီလိုမီတာ ၁၇၀ ခန့်အကွာရှိ တီကရစ်မြို့မှ အမေရိကန်စစ်ဘက် အခြေစိုက်စခန်းတွင် တိုက်ခိုက်ခံခဲ့ရသဖြင့် အမှတ်(၄၂) ခြေလျင်တပ်မမှ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး အင်္ဂါနေ့ည ၁၀ နာရီက သေဆုံးခဲ့ခြင်းဖြစ်သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ဘာလတ်မြို့ရှိ အမှတ်(၁)ထောက်ပို့စစ်ဌာနချုပ်မှ အခြားအမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အင်္ဂါနေ့ည ၁၀ နာရီခွဲခန့်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဆိုးဆိုးရွားရွား ထိခိုက်ဒဏ်ရာရရှိခဲ့ပြီးနောက် ဆေးရုံတွင် သေဆုံးသွားကြောင်း စစ်ဘက်က ထုတ်ပြန်သည့် အခြားကြေညာချက်တွင် ပါရှိသည်။

အမေရိကန် ဦးဆောင်၍ အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ်မတ်လက ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် အီရတ်နိုင်ငံတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ၁၆၇၅ ဦး ရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တောင်အာဖရိကတပ်ဖွဲ့ဝင် ၁၃ ဦး ဘူရန်ဒီဒေသတွင် ဒဏ်ရာရရှိ

ဂျိုဟန်နက်စ်ဘတ် ဇွန် ၁၁

ကက်စ်ပါအမည်ရှိ လူသယ်ဆောင်နိုင်သော သံချပ်ကာယာဉ်တစ်စီးသည် ဘူရန်ဒီဒေသ၌ ကြာသပတေးနေ့တွင် တိမ်းမှောက်ခဲ့ရာ တောင်အာဖရိက တပ်ဖွဲ့ဝင် ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းတစ်ရပ်တွင် ရေးသား ဖော်ပြထားသည်။

တိမ်းမှောက်

အဆိုပါ သံချပ်ကာယာဉ်သည် ဘူရန်ဒီဒေသ ညဉ့ဘီရာဘာတွင် ကင်းလှည့်နေစဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်ဟု တောင်အာဖရိက အမျိုးသားကာကွယ်ရေးတပ်ဖွဲ့က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို ယာဉ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာရရှိသူ တပ်ဖွဲ့ဝင်များကို ဘူဂျစ်ဘူရာဒေသရှိ ကုလသမဂ္ဂဆေးရုံသို့ ပို့ဆောင်ခဲ့ကြသည်။ ထိုအထဲမှ တပ်ဖွဲ့ဝင် ၁၂ ဦးသည် ဒဏ်ရာအနည်းငယ်သာရရှိခဲ့ပြီး တစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်ဟု တောင်အာဖရိက သတင်းဌာနက ထုတ်လွှင့်ခဲ့သည်။

သတင်းထုတ်ပြန်

အဆိုပါ ယာဉ်တိမ်းမှောက်မှုကို ဘူရန်ဒီဒေသရှိ ကုလသမဂ္ဂအဖွဲ့နှင့်တောင်အာဖရိက အုပ်ချုပ်သူများက စုံစမ်းလျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ကက်စ်ပါ သံချပ်ကာယာဉ်သည် ဗဟိုချက်နိမ့်သော်လည်း၊ ဂရိတ်လိတ်စ်ပြည်နယ်ရှိလမ်းများ ကျဉ်းမြောင်းခြင်း၊ ပြုပြင်မှု မရှိခြင်းနှင့် တောင်တန်းများပေါ်များရာ ဒေသဖြစ်ခြင်းကြောင့် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်ဟု ယူဆထားသည်။

ဘူရန်ဒီဒေသတွင် တပ်ဖွဲ့ယာဉ်များသည် ယင်းကဲ့သို့ ယာဉ်တိမ်းမှောက်မှုများနှင့် မကြာခဏ တွေ့ကြုံခဲ့ကြသည်ဟု တောင်အာဖရိက နိုင်ငံသားများက ပြောကြားကြသည်။ အဆိုပါ ကက်စ်ပါသံချပ်ကာယာဉ်သည် လူ ၁၄ ဦးကို သယ်ဆောင်နိုင်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဇွန် ၁၁ ရက်က အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို ရှေ့တန်းထောက်ပံ့ရေး တပ်ဖွဲ့ဝင်များက သယ်ဆောင်လာစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗင်နီဇွဲလားတွင် ကိုကင်းကီလို ၈၇၀ သိမ်းဆည်း

ကာရာကတ်စ် ဇွန် ၁၂

ဗင်နီဇွဲလားနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့မှ ရေတပ်များ၏ ပူးတွဲစစ်ဆင်ရေးတစ်ခု၌ ဗင်နီဇွဲလားနိုင်ငံ နူဗာအက်စ်ပါတာပြည်နယ်တွင် ကိုကင်း ကီလို ၈၇၀ ကို သိမ်းဆည်းလိုက်ကြောင်း တာဝန်ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံ နူဗာအက်စ်ပါတာပြည်နယ် မာဂါရီတာကျွန်းသို့ရောက်ရှိနေသော ပြင်သစ်ရေတပ် တပ်ဖွဲ့က ကိုကင်းများ တင်ဆောင်လာသည့် သင်္ဘောကို စတင်တွေ့ရှိခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံမှ ဟင်နရီဝိုင်မေရီသင်္ဘောကို နိုင်ငံအရှေ့မြောက်ပိုင်း ဆူကရီးပြည်နယ်တွင် မှတ်ပုံတင်ထားသည်ဟုသိရသည်။ ကိုကင်းများကို အိတ်များဖြင့် ထည့်ပြီးဝှက်ထားကြသည်။ စုံစမ်းစစ်ဆေးမှု ဆက်လက်ပြုလုပ်နိုင်ရန် ကိုကင်းများနှင့်သင်္ဘောပေါ်တွင်ပါလာသူ ဗင်နီဇွဲလားနိုင်ငံသား ၁၂ ဦးကို ရေတပ်ဖွဲ့သို့ လွှဲပြောင်းပေးလိုက်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

စေတနာဖြူစင် သွေးလှူရှင်

ဒေါက်တာသီတာအောင်

နှစ်စဉ်သန်းပေါင်းများစွာသော အသက်များအား သွေးသွင်းကုသခြင်းအားဖြင့် ကယ်ဆယ်လျက်ရှိသော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သွေးနှင့် သွေးပစ္စည်းများ လုံလောက်စွာမရှိသောကြောင့် သေဆုံးမှုများ ရှိနေဆဲဖြစ်ပါသည်။ ၎င်းဖြစ်ရပ်များသည် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ ထိခိုက်ဒဏ်ရာရသူများ၊ ဆင်းရဲနွမ်းပါးသူများကို ပိုမိုအန္တရာယ်ဖြစ်စေပါသည်။ အမျိုးသမီးများတွင် ကိုယ်ဝန်ဆောင်ခြင်းနှင့် ဆက်စပ်နေသော ဖြစ်ရပ်များမှ နောက်ဆက်တွဲဆိုးကျိုးများသည် သွေးလိုအပ်မှုကြောင့် အသက်ဆုံးရှုံးမှုများကို ဖြစ်စေပါသည်။ ကလေးသူငယ်များတွင် အာဟာရချို့တဲ့ခြင်း၊ သွေးလွန်တုပ်ကွေးကဲ့သို့ အရေးပေါ်လိုအပ်မှုများ၊ ငှက်ဖျားရောဂါ၊ အသက်အန္တရာယ် ထိခိုက်စေနိုင်သည့် သွေးအားနည်းရောဂါများ စသည်တို့သည် အဓိကအကြောင်းရင်းများ ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၁၉၉၈-၉၉ အစီရင်ခံစာအရ နှစ်စဉ် ၁၅၀၀၀၀ ခန့်အထိ ကိုယ်ဝန်ဆောင်မှုနှင့် ပတ်သက်နေသော သေဆုံးမှုများကို လုံလောက်သောသွေး အချိန်မီရရှိနိုင်မှုဖြင့် ကာကွယ်နိုင်မည် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၁၉၈၀ပြည့်နှစ်များတွင် စတင်ပေါ်ပေါက်ခဲ့သော သွေးမှတစ်ဆင့် HIVကူးစက်ခံရမှုကြောင့် သွေးသွင်းကုသမှုသည် လုံလောက်စွာ အချိန်မီရရှိနိုင်ရုံသာမဟုတ်ဘဲ အန္တရာယ်ကင်းရန်ပါ အထူးလိုအပ်ကြောင်း မီးမောင်းထိုးပြခဲ့ပါသည်။ များစွာသောနိုင်ငံများတွင် သွေးကို လုံလောက်စွာရရှိနိုင်ပါသော်လည်း သွေးမှတစ်ဆင့် ကူးစက်နိုင်သောရောဂါပိုးများ၏ အန္တရာယ်မှ လုံးဝကာကွယ်နိုင်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။

သွေးကို ၎င်းကဲ့သို့ အသက်ကယ်နိုင်သည့် ကုသမှုအဖြစ် အသုံးမပြုမီ နှစ်ပေါင်းများစွာကပင် လူ့ကိုယ်ခန္ဓာအတွင်းရှိ အနီရောင် အရည်နှင့်ပတ်သက်၍ လူအများစိတ်ဝင်စားပြီး စမ်းသပ်မှုပေါင်း၊ ယူဆမှုပေါင်းများစွာ ပေါ်ပေါက်ခဲ့ပါသည်။

သွေးသွင်းခြင်းဖြင့် လတ်တလော ဖြစ်ပေါ်နိုင်သောဆိုးကျိုးများမှာ–

- **အရေးကြီးသော သွေးအုပ်စုမတူ၍ ကုသမှုအတွက် အသုံးပြုလိုက်သောသွေးဆဲလ်များ ချက်ချင်းပျက်စီးပြီး လူနာအသက် ဆုံးရှုံးနိုင်ခြင်း၊**
- **Rh, Kell, Kcidd, Duffy ကဲ့သို့သော အချို့သွေးအုပ်စုများမှာ နောင်သီတင်းနှစ်ပတ်အတွင်း လူနာကိုယ်တွင်းမှ သွေးဆဲလ်များကို ပျက်စီးစေခြင်း၊**
- **သွေးအတွင်းရှိ အချို့ပဋိဇီဝပစ္စည်းများကြောင့် ယားယံခြင်း၊ အဖုအပိန့်ထွက်ခြင်းများဖြစ်ရခြင်း၊ သွေးအတွင်းရှိအချို့ဆဲလ်များ (အထူးသဖြင့် သွေးဖြူဥများ)ကြောင့် လူနာတွင် ကိုယ်အပူချိန်တက်ခြင်းတို့မှာ အဖြစ်များသော ဆိုးကျိုးများဖြစ်ပါသည်။**

၎င်းတို့အနက် ချက်ချင်းအသက်ဆုံးရှုံးမှုကို ဖြစ်စေနိုင်သော အေ၊ ဘီ၊ အို အုပ်စုမတည့်မှုကို လူနာနှင့်သွင်းမည့်သွေး၏ အေ၊ ဘီ၊ အို အုပ်စုကိုစစ်ဆေးပြီး သွေးမသွင်းမီ သွင်းမည့်သွေးနှင့် လက်ခံမည့် လူနာသွေးအုပ်စုတို့ တည့်မတည့် စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် လုံးဝကာကွယ်နိုင်ပါသည်။ ၎င်းကဲ့သို့ စမ်းသပ်မှုများပြုလုပ်နိုင်ရန် ပညာရှင်များက ၁၉၀၁ ခုနှစ်မှ၍ဖော်ထုတ်နိုင်ခဲ့ပြီး ၁၉၃၅ ခုနှစ်တွင်မှ သွေးတည့်မတည့် ခန္ဓာကိုယ်ပြင်ပတွင်စမ်းသပ်မှုများကို လုပ်ဆောင်နိုင်ခဲ့ကြပါသည်။ ၎င်းနှစ်များမတိုင်မီက ၁၈၁၈ ခုနှစ်တွင် အင်္ဂလိပ်သားဖွားမီးယပ်ပါရဂူ James Blundell ကပထမဆုံးသော လူတစ်ဦးမှ တစ်ဦးသို့ အောင်မြင်စွာ သွေးသွင်းနိုင်မှုတစ်ခုမှလွဲ၍ ကျန်စမ်းသပ်မှုများစွာတွင် လူနာများ အသက်ဆုံးရှုံးခဲ့ရပါသည်။

၁၉၃၉ ခုနှစ်တွင် အေ၊ ဘီ၊ အို အုပ်စုတူပါလျက်နှင့် သေဆုံးခဲ့ရသော သွေးသွင်းမှုတစ်ခု Rh ပါသော သွေးအုပ်စု၏ အရေးပါပုံကို ပညာရှင်များ ထပ်မံဖော်ထုတ်နိုင်ခဲ့ပါသည်။ ၎င်းအုပ်စုမှာ ချက်ချင်းအသက်သေဆုံးမှုကို မဖြစ်စေသော်လည်း အမျိုးသမီးများတွင် ၎င်း Rh အုပ်စုမတူသူ၏ သွေးသွင်း ကုသမှုခံရပါက မွေးဖွားသည့် ကလေးတွင် အသက်အန္တရာယ် ဖြစ်စေပါသည်။ ၎င်းသွေးအုပ်စုများသည် ကမ္ဘာပေါ်ရှိ လူမျိုးစုများအကြား ကွဲလွဲမှုရှိနေပါသည်။ Rh အုပ်စု မြန်မာတိုင်းရင်းသားများတွင် Positive မှာ ၉၉ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး Negative မှာ ၀ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရှိပါသည်။ အနောက်ဥရောပနိုင်ငံများတွင်မူ Rh Negativeမှာ ၁၅ ရာခိုင်နှုန်းခန့်ရှိသည်။ ထို့ကြောင့် မြန်မာတိုင်းရင်းသားများ Rh Negative လူနာတစ်ယောက် အရေးပေါ်သွေးလိုပါက ၎င်းအတွက် သွေးရနိုင်မှုမှာ အလွန်ခက်ခဲကြောင်း ကြုံတွေ့နေ ရပါသည်။ ယခုအခါ အမျိုးသားသွေးဌာနမှ ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှစ၍ သွေးအလှူရှင်များ အားလုံး၏ Rh အခြေအနေစမ်းသပ်မှု ပြုလုပ်ပေးခြင်းဖြင့် Rh Negative သွေးလှူရှင်စာရင်းကို စတင်ပြုစုနေပြီ ဖြစ်ပါသည်။

သွေးသွင်းမှုဖြင့် ချက်ချင်းအသက်ဆုံးရှုံးနိုင်မှုနှင့် နောက်ဆက်တွဲဆိုးကျိုးဖြစ်ပွားမှုများကို အေ၊ ဘီ၊ အို အုပ်စုနှင့် Rhအုပ်စုကိုစစ်ဆေးခြင်း၊ တည့်မတည့်စမ်းသပ်ခြင်းများ ပြုလုပ်ခြင်းဖြင့် လုံးဝကာကွယ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ၎င်းကဲ့သို့ ကာကွယ်နိုင်ရန် စမ်းသပ်မှုပေါင်းများစွာ၊ အသက်ပေါင်းများစွာ ရင်းနှီးခဲ့ရပါသည်။ ထို့ကြောင့် ၁၉၄၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ သွေးသွင်းကုသမှုသည် အသက်ကယ်သော ကုသမှုအဖြစ် တောက်ပနေသော ကာလများဖြစ်ပါသည်။ ၁၉၈၀ ပြည့်နှစ်များမှစ၍ ၎င်းပျော်ရွှင်မှုများအား အရိပ်မည်းကြီးကဲ့သို့ ဒုက္ခပေးသော သွေးမှတစ်ဆင့် ရောဂါပိုးများ ကူးစက်မှုကို စတင်တွေ့ကြုံခဲ့ရပါသည်။ အထူးသဖြင့် တစ်သက်တာလုံး သူတစ်ပါးသွေးဖြင့် အသက်ဆက်နေရသူများ၊ အရေးပေါ်သွေးသွင်းကုသမှုလိုအပ်သူများ၊ သွေးများစွာလိုအပ်သော ခွဲစိတ်ကုသမှုများတို့တွင် ပိုမိုကြုံတွေ့ခဲ့ရပါသည်။

နာမည်ကျော် တင်းနစ်ချန်ပီယံ အာသာအက်ရှ်၏ ဘဝအတွေ့အကြုံမှာ သွေးသွင်းကုသမှုသမိုင်းတွင် နောင်တရစရာ ဖြစ်ခဲ့ရပါသည်။ ထိုသို့ကြိမ်ဖန်များစွာ သွေးသွင်းကုသမှုခံရသူများတွင် တွေ့ရသော ရောဂါပိုးများ၊ အထူးသဖြင့် မိသားစုကိုပါ တစ်သက်တာလုံး ဒုက္ခပေးနိုင်မည့် HIVကဲ့သို့သော ရောဂါပိုးများအကြောင်း ပညာရှင်များ စမ်းသပ်တွေ့ရှိခဲ့ကြပါသည်။

၎င်းရောဂါပိုးများကို တွေ့ရှိသည်မှစ၍ စစ်ဆေးနိုင်သည့် နည်းလမ်းများကို ကြိုးပမ်းရှာဖွေကြရာမှ ၁၉၈၅ ခုနှစ် နောက်ပိုင်းတွင် စမ်းသပ်နိုင်သည့် နည်းလမ်းများ ပေါ်ထွက်လာခဲ့ပါသည်။ သို့သော် ၎င်းစမ်းသပ်၍ ရရှိသော၊ တန်ဖိုးအားဖြင့်လည်း အလွန်မများသော နည်းလမ်းများမှာ သွေးလှူရှင်အတွင်း ရောဂါပိုးဝင်ဝင်ချင်း မသိရှိနိုင်ဘဲ တစ်လခွဲမှ ခြောက်လကြာအထိ အချိန်ကြာမှသာ သိနိုင်သောကြောင့် (အသုံးပြုသော Test ပေါ်မူတည်၍) ပညာရှင်များက ၎င်းကာလ (ကြားကာလ)ကို ကာကွယ်ရမည့် နည်းလမ်းများ ရှာဖွေကြပါသည်။

အကောင်းဆုံးနှင့်အထိရောက်ဆုံး ကာကွယ်နည်းမှာ လှူဒါန်းမည့် သွေးလှူရှင်များက မိမိကိုယ်တိုင် သွေးမှတစ်ဆင့် ကူးစက်နိုင်သောရောဂါပိုးများ ရရှိနိုင်သည့် အပြုအမူများ မပြုလုပ်ကြောင်း အာမခံနိုင်ခြင်းပင် ဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် ၎င်းကဲ့သို့သော အန္တရာယ်ရှိသည့် အပြုအမူများကို ပြုလုပ်ခဲ့ဖူးခြင်းရှိ၊ မရှိ မေးခွန်းလွှာများစီစဉ်၍ သွေးလှူရှင်အား သွေးမလှူခင် မိမိဘာသာ ဖြေဆိုနိုင်ရန်စီစဉ်ခဲ့ကြပါသည်။ ထို့အပြင် ပြည်သူများအား အန္တရာယ်ကင်းသော သွေးသွင်းကုသမှုဖြင့် အသက်ကယ်နိုင်ရန်နှင့် မိမိကြောင့် အန္တရာယ်မဖြစ်စေရန် လိုက်နာနေထိုင်ပြုမူရမည့် အပြုအမူများနှင့် ပတ်သက်၍လည်း ကျယ်ပြန့်စွာ ပညာပေးခဲ့ကြပါသည်။ ရောဂါပိုးစစ်ဆေးမှုစနစ်များ မပေါ်ပေါက်မီကတည်းက သွေးလှူရှင်၏ အပြုအမူဓလေ့စရိုက်ကို သေချာစွာ စစ်ဆေးခြင်းဖြင့် အန္တရာယ်ကင်းစင်သည့် သွေးရရှိမှု အာမခံနိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ ထိုကဲ့သို့သော အန္တရာယ်မကင်းသည့် အပြုအမူများ လုံးဝမပြုလုပ်သူဖြစ်ကြောင်း သေချာမှသာ သွေးလှူဒါန်းစေပါသည်။ ၎င်းကဲ့သို့ စေတနာအလျောက် လာရောက်သွေးလှူဒါန်းသူများ ကသာလျှင် မိမိတို့၏ အပြုအမူများ အန္တရာယ်ကင်း၊မကင်း မှန်ကန်စွာ စိစစ်နိုင်မည်ဖြစ်ပါသည်။ သူတစ်ပါးတိုက်တွန်းသောကြောင့် လည်းကောင်း၊ မိမိနှင့်ရင်းနှီးသူများ အရေးပေါ် သွေးလိုအပ်နေသောကြောင့် လည်းကောင်း၊ အသင်းအဖွဲ့အတွင်း မလွှဲမရှောင်သာ၍ ပါဝင်လှူဒါန်းရန် လာရောက်ခြင်းသည်လည်းကောင်း၊ မိမိကိုယ်ကို ပြန်လည်ဆန်းစစ်၍ အဖြေမှန်ပေးရန် ခက်သောကြောင့်လည်းကောင်း အန္တရာယ်ကင်း၊ မကင်း စိစစ်ရန် အကန့်အသတ်ရှိပါသည်။

ထို့ကြောင့် အန္တရာယ်ကင်းသော သွေးသွင်းကုသမှု၏ အဓိကစွမ်းဆောင်ရှင်များမှာ အန္တရာယ်ကင်းအောင် ပြုမူနေထိုင်ပြီး ကျန်းမာရေးနှင့်ညီညွတ်၍ မိမိကိုယ်ကို တာဝန်ယူရဲသော စေတနာသွေးလှူရှင်များသာ ဖြစ်ပါသည်။

ယခုအခါ အမျိုးသားသွေးဌာနသည် တစ်လတွင် သွေး ၁၅၀၀ မှ ၂၀၀၀ ယူနစ်ကြား လိုအပ်လျက်ရှိပြီး စေတနာသွေးလှူရှင်များမှ လှူဒါန်းမှုမှာ ၆၅ ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်ပါသည်။ အခြားဆေးရုံများရှိ လူနာများအား လုံလောက်စွာထောက်ပံ့ရန်မှာ လေးလတစ်ကြိမ် မှန်မှန်လာရောက်သော သွေးလှူရှင် ၁၅၀၀၀ ခန့် ရရှိပါက တစ်နှစ်စာ လုံလောက်စွာ ထောက်ပံ့နိုင်မည်ဖြစ်ပါသည်။

အရေးပေါ်သွေးလိုအပ်ခဲ့သော အခြေအနေများ ကြုံတွေ့ရချိန်တွင် လိုအပ်သော သွေးများအားလုံးကို ထောက်ပံ့သူတို့မှာ စေတနာ သွေးလှူရှင်များက လှူဒါန်းသောသွေးများဖြစ်သဖြင့် ပြည်သူလူထုအတွင်း သွေးလိုအပ်သည်ကို သိရှိပါက စေတနာသွေးလှူရှင်များ လုံလောက်စွာ ထပ်မံပေါ်ပေါက်လာမည်ဟု မျှော်လင့်ပါသည်။

ယခုအခါ ၁၁၄ ကြိမ်အထိလှူဒါန်းခဲ့သော စေတနာသွေးလှူရှင်များမှာ အသက်အရွယ် ကြီးရင့်လာပြီဖြစ်ပါ၍ ၎င်းတို့နေရာတွင် ဖြည့်စွက်အစားထိုးနိုင်မည့် သွေးလှူရှင်များလိုအပ်နေပြီ ဖြစ်ပါသည်။

သို့ဖြစ်ရာ လူနာများ၏အသက်ကို သွေးသွင်းကုသမှုဖြင့် ကယ်တင်ရာတွင် အဓိကအကျဆုံးဖြစ်သည့် စေတနာ သွေးလှူရှင်များ၏ စွမ်းဆောင်နိုင်မှုကို လေးစားဂုဏ်ပြုပါကြောင်းနှင့် စေတနာဖြူစင်သွေးလှူရှင်များ ပိုမိုပေါ်ထွန်းလာပါစေဟု ဆန္ဒပြုမိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကမ္ဘာ့သွေးလှူရှင်များနေ့

World Blood Donor Day

၂၀၀၅ ခုနှစ် ဇွန်လ ၁၄ ရက်

ကျန်းမာရေးဝန်ကြီးဌာန

ယခုအခါ အမျိုးသားသွေးဌာနသည် တစ်လတွင် သွေး ၁၅၀၀ မှ ၂၀၀၀ ယူနစ်ကြား လိုအပ်လျက်ရှိပြီး စေတနာသွေးလှူရှင်များမှ လှူဒါန်းမှုမှာ ၆၅ ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်ပါသည်။ အခြားဆေးရုံများရှိ လူနာများအား လုံလောက်စွာ ထောက်ပံ့ရန်မှာ လေးလတစ်ကြိမ် မှန်မှန်လာရောက်သော သွေးလှူရှင် ၁၅၀၀၀ ခန့်ရရှိပါက တစ်နှစ်စာ လုံလောက်စွာ ထောက်ပံ့နိုင်မည်ဖြစ်ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန်　ဇွန်　၁၃

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ဂျပန်နိုင်ငံ၌ကျင်းပသည့် တတိယအကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးမူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီးနောက် ဇွန် ၁၁ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလည်း ပြန်လည်လိုက်ပါလာသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် လာရောက်သွေးလှူဒါန်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Ms. Vicky Bowman အား ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

အစားထိုးမရ ဂုဏ်ပြုကြ

- သွေးအန္တရာယ်၊ တစ်သွယ်ရောဂါ
ကြုံတွေ့လာစဉ်၊ သွေးသာဇေကန်
လိုလာပြန်သော်၊ မှန်ကန်သေချာ
ရရှိပါမှ၊ တစ်ဖြာအသက်
ရှည်ကြာဆက်၍၊ မပျက်ရှင်သန်ခွင့်ရသည်။
- လိုအပ်သွေးမှာ၊ မရပါသော်
သပြာငွေကြေး၊ ပုံအောပေးကာ
ဆေးကုပါလင့်၊ အနာနှင့်ဆေး
သင့်ရေးမှန်စွာ၊ မရှိပါ၍
ရောဂါပျောက်ရေး၊ ကျန်းမာရေးမှာမလွယ်ပါ။
- ထို့ကြောင့်တစ်လီ၊ ဆိုရိုးတည်သား
'သွေးသည်အသက်၊ အသက်သည်သွေး'
မနေးခိုင်မာ၊ ယုံကြည်ပါလျက်
ဇွန်ခါဆယ့်လေး၊ အရေးတယူ
သွေးလှူရှင်နေ့၊ မမေ့မှန်စွာ ဂုဏ်ပြုရာ။　။

[၂၀၀၅ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုလျက်...]

ဒေါက်တာသန်းဦး

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့် ဗြိတိန်သံအမတ်ကြီး သွေးလှူဒါန်းမှုကို ကြည့်ရှုအားပေး

ရန်ကုန်　ဇွန်　၁၃

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့သွားရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H. E. Ms. Vicky Bowman ကိုယ်တိုင် လာရောက်သွေးလှူဒါန်းမှုကို ကြိုဆိုအားပေးသည်။

တွေ့ဆုံနှုတ်ဆက်

ဝန်ကြီးသည် ဗြိတိန်နိုင်ငံ သံအမတ်ကြီးအား Apheresis Machine Section အခန်း၌ ရင်းနှီးခင်မင်စွာ တွေ့ဆုံနှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် သွေးလာရောက်လှူဒါန်းသည့် ဗြိတိန်နိုင်ငံသံအမတ်ကြီး၏ သွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

မင်္ဂလာဗျူဟာ ပရဟိတ နှစ်ပတ်လည် ပူဇော်ပွဲ ရက်ပြောင်းလဲကျင်းပမည်

ရန်ကုန်　ဇွန်　၁၃

မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့၏ (၈)နှစ်မြောက်အထိမ်းအမှတ် အသက်(၁၀၀)ပြည့် ဘိုးဘွားများပူဇော်ပွဲကို ယခင်ကြေညာထားသည့်ရက်အစား ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အသင်းချုပ်၌ ကျင်းပမည်ဖြစ်သည်။

(က-ပ)

မြို့တော်စည်ပင် စာရေးဝန်ထမ်းများ မွမ်းမံသင်တန်းဆင်း

ရန်ကုန် ဇွန် ၁၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ဝန်ထမ်း သင်တန်းကျောင်းခန်းမ၌ ကျင်းပသော စာရေးဝန်ထမ်းများမွမ်းမံသင်တန်းအမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက သင်တန်းဆင်းအောင်လက်မှတ်နှင့် ထူးချွန်ဆုများကို ပေးအပ်ပြီး သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆-၆-၂၀၀၅

International Day Against Drug Abuse and Illicit Trafficking

26-6-2005

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

Value yourself ---make healthy choices

လူသွားစင်္ကြံ အလှူရှင်များအား ဂုဏ်ပြု

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း (အလယ်) တွင် သန့်ရှင်းသာယာ လှပရေးအတွက် လူသွားစင်္ကြံနှစ်ဖက်အား ရောင်စုံဘလောက်တုံးများခင်းရာတွင် ကုန်ကျငွေကျပ် သိန်းရှစ်ဆယ်ကို ကိုယ့်အားကိုယ်ကိုး လှူဒါန်းခဲ့ကြသော လမ်းသူလမ်းသားများ၊ စီးပွားရေးလုပ်ငန်းရှင်များအား လမ်းသာယာရေးကော်မတီက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ညနေက ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၁လမ်းထိပ်ရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်စန်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ လမ်းသာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ အတွင်းရေးမှူး ဦးခင်မောင်ဝင်းနှင့် အမှုဆောင်များ၊အလှူရှင်များတက်ရောက်ကြသည်။

အခမ်းအနားတွင် အမှတ်(၄) စစ်ဒေသမှူး၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**(အပေါ်ဝဲပုံ)** နှင့် လမ်းသာယာရေးကော်မတီ ဥက္ကဋ္ဌတို့က အမှာစကားများပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

(၁၉)

✡ **ရှေ့ဖုံးမှ**

ပညာသင်ယူနေမှုကို ကြည့်ရှုအားပေးပြီးနောက် ကျောင်းအစည်းအဝေးခန်းမ၌ မလိကျွန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများအားတွေ့ဆုံရာ ရှေးဦးစွာ တိုင်းမှူးက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

နှုတ်ဆက်အားပေး

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုအခြေအနေများနှင့် မလိကျွန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းမှာကြားကာ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တိုင်းမှူးတို့သည် ကျောင်းပြင်ဆင်မွမ်းမံရန်အတွက် ငွေကျပ် ၁၀သိန်းကို ခေတ္တကျောင်းအုပ်ဆရာမ ဒေါ်ညွန့်ညွန့်စိန်အား ပေးအပ်လှူဒါန်းပြီးနောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေများပေးအပ်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

သစ်ပင်စိုက်ပွဲ

ဇွန် ၁၂ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ကျွန်းစုမြို့ နယ်မြေခံတပ်နယ်၏ ရော်ဘာမျိုးကိုင်းပွားစိုက်ခင်း၌ ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်၍ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက ရော်ဘာမျိုးကိုင်းပွားပင်တစ်ပင်ကို စိုက်ပျိုးပေး၍ တာဝန်ရှိသူများနှင့် တပ်နယ်မှ အရာရှိစစ်သည် မိသားစုဝင်များ တပျော်တပါး စုပေါင်း၍ မျိုးကောင်းမျိုးသန့် ရော်ဘာပျိုးပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တိုင်းမှူးတို့သည် ကျွန်းစုမြို့နယ်ရှိ ကတန်ရော်ဘာခြံသို့ သွားရောက်ခဲ့ရာ ခြံတာဝန်ခံ ဗိုလ်မှူးအောင်သူက ရော်ဘာခြံ စီမံကိန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ကတန်ရော်ဘာခြံ စီမံကိန်းအောင်မြင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ကတန်ကျေးရွာအမှတ်(၆) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ကျောင်းအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ငါးသိန်းကိုးသောင်းနှင့် စာကြည့်တိုက်ဖွင့်လှစ်ရန်အတွက် ငွေကျပ်နှစ်သိန်း သုံးသောင်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စုတင်ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ တိုင်းမှူးနှင့်အဖွဲ့သည် နယ်မြေခံတပ်နယ်၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဝက်မွေးမြူရေးခြံသို့လည်းကောင်း၊ တပ်တွင်း မူလတန်းကြိုကျောင်းနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် တနင်္သာရီခန်းမ၌ နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှာစကားပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

နံနက် ၁၀နာရီတွင် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ကျွန်းစုမြို့နယ်ရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းညွန့်က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဒေသဝမ်းစာဖူလုံရေးနှင့် ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း လျာထားချက်ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တိုင်းမှူးတို့သည် မွန်းလွဲပိုင်းတွင် မြိတ်မြို့သစ် အကောင်အထည်ဖော်တည်ဆောက်မည့် မြေနေရာရှင်းလင်းဖော်ထုတ် ဆောင်ရွက်ထားရှိမှုများနှင့် ဆိပ်ကမ်းတံတားအသစ်များ တည်ဆောက်မှု လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ လွတ်လွတ်ဆိပ်ကမ်းရှိ ငါးလုပ်ငန်းဦးစီးဌာနနှင့် သာထူးအောင်ကုမ္ပဏီတို့ ပူးပေါင်းလုပ်ကိုင်လျက်ရှိသည့် ရေငန်ပုစွန် မွေးမြူရေးကန်များ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တိုင်းမှူးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ **ကျောဖုံးမှ**

စိစစ်၍ ထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်ရေး မှာကြားသည်။

ဝန်ကြီးသည် ဇွန် ၁၁ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ရိပ်သာ၌ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တွေ့ဆုံ၍ စစ်ကိုင်းတိုင်းအတွင်း သတ္တုကဏ္ဍ တိုးချဲ့ရှာဖွေထုတ်လုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးညှိနှိုင်းဆောင်ရွက်သည်။ မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကုန်းတွင်းဆားစနစ်တကျထုတ်လုပ်ရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပြီး ဝန်ထမ်းများ သက်သာချောင်ချိရေးကို ဆောင်ရွက်ပေးရန် မှာကြားသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းလိုက်ပါလျက် ပြင်ဦးလွင်မြို့နယ်ရှိ ကျားတွင်းရေ သံသတ္တုမိုင်းသို့ ရောက်ရှိပြီး မိုင်းအတွင်း သံသတ္တုရိုင်းများ တူးဖော်နေမှုနှင့် ဆန်ခါချစက်ဖြင့် သန့်စင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ မိုင်းတာဝန်ခံက မိုင်းဒီဇိုင်းဖြင့် တူးဖော်နေမှု၊ လစဉ်ထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သံစက်ရုံအတွက် အရည်အသွေးမီ သံသတ္တုရိုင်းများ အချိန်မီ တူးဖော်ပို့ဆောင်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ထိထိရောက်ရောက် စနစ်တကျဆောင်ရွက်ပေးရေး မှာကြားသည်။

ဝန်ကြီးသည် ဇွန် ၁၂ရက်တွင် အမှတ်(၁) သံနှင့် သံမဏိစက်ရုံ၌ သတ္တုရိုင်းများ ကြိတ်ခွဲကျိုချက်၍ သံမဏိ ထုတ်လုပ်နေမှု၊ Oxygen Plant တည်ဆောက်နေမှု၊ 66 KV ဓာတ်အားလိုင်းနှင့် ပြည်ပသွင်းကုန် အစားထိုးကုန်ကြမ်းပစ္စည်း သွန်းလောင်းထုတ်လုပ်နေမှု အခြေအနေများကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ထုတ်လုပ်မှုတိုးတက်၍ ရည်မှန်းချက် ပြည့်မီကျော်လွန်ရေး၊ ခြိုးခြံချွေတာရေး၊ သွင်းကုန်အစားထိုး သံထည်ပစ္စည်းများ တီထွင်ဆောင်ရွက်ရေး၊ သက်သာချောင်ချိမှုအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ယခုထက်ပိုမို တိုးချဲ့ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။ ထို့နောက် စက်ရုံရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ချီးမြှင့်သည်။ မွန်းလွဲပိုင်းတွင် ပုသိမ်ကြီးထုံးကျောက်မိုင်းသို့ ရောက်ရှိပြီး ထုံးကျောက်များ တူးဖော်ထုတ်လုပ်နေမှုနှင့် စက်ရုံဝန်ထမ်းများ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

အာဆီယံဂျူနီယာ ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာနိုင်ငံမှ နေဗလဝင်းမြင့် ဒုတိယရ အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်အသင်း တတိယရရှိ

ရန်ကုန် ဇွန် ၁၃

မလေးရှားနိုင်ငံ Kelab Golf Sultan Abdula Aziz Shar Alam Selangor Kuala Lumpur **၌ ဇွန် ၇ရက်မှ ၉ရက်အထိ ကျင်းပခဲ့သော** 100- Plus Powers ASEAN Junior Golf Championship-2005 **လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းမှ တစ်ဦးချင်းပြိုင်ပွဲတွင် ဒုတိယရရှိပြီး အသင်းလိုက်ပြိုင်ပွဲတွင် တတိယရရှိသည်။**

တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းမှ နေဗလဝင်းမြင့်က (၇၅+၇၃+၇၃)စုစုပေါင်း၂၂၁ချက်ဖြင့် ဒုတိယဆုကို ရရှိသည်။ ယင်းတစ်ဦးချင်းပြိုင်ပွဲတွင် စင်ကာပူမှ L-Goh Kun Yan က (၇၃+၇၅+၆၇) စုစုပေါင်း ၂၁၅ချက်ဖြင့် ပထမရပြီး မလေးရှားမှ Mohdlylia က (၇၅+၇၄+၇၅) စုစုပေါင်း ၂၂၄ချက်ဖြင့် တတိယရရှိသွားသည်။

လူငယ် အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်အသင်း တတိယရရှိပြီး ဖိလစ်ပိုင်လူငယ်အသင်းက ပထမရရှိကာ မလေးရှားလူငယ်အသင်းက ဒုတိယရရှိသည်။ (သတင်းစဉ်)

100-Plus Powers ASEAN Junior Golf Championship-2005 **လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းအား မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုစဉ်။**

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

❀ **၂၀၀၅ခုနှစ်မှ**

ဖိတ်ကြားထားမှု အခြေအနေများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နိုင်ငံခြားသားများအား တက်ရောက်ခွင့်ပြုမည့် အစီအစဉ်နှင့် ငွေပေးချေရေးကိစ္စအခြေအနေများကိုလည်းကောင်း၊ ကျောက်စိမ်း၊ ကျောက်မျက်၊ စီမံရေးရာ၊ ပြန်ကြားရေးနှင့် လုံခြုံရေးဆပ်ကော်မတီများက ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း တင်ပြကြရာ အထူးရောင်းချပွဲကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များက ပြန်လည်ဆွေးနွေးကြသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ဗဟိုကော်မတီဝင်များ၏ ဆွေးနွေးချက်များနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်စွက်မှာကြားပြီး ၂၀၀၅ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ အောင်မြင်ချောမောစွာ ကျင်းပရေးအတွက် ညှိနှိုင်းဆောင်ရွက်ကြရန် နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းညှိနှိုင်းစည်းဝေး ရန်ကုန်တိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းအနေဖြင့် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍစသည့် ကဏ္ဍ(၁၄)ခုအလိုက် နိုင်ငံတော်၏ စီမံကိန်းလျာထားချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အခြေအနေအပေါ် ပြန်လည်သုံးသပ်၍ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ရည်မှန်းချက်အောင်မြင်ကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် တိုင်းစီမံကိန်းဦးစီးဌာန တိုင်းစီမံကိန်းဦးစီးမှူး ဒေါ်လှကြည်က ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးနှင့် ပတ်သက်၍ ၂၀၀၄-၂၀၀၅ခုနှစ် စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်နိုင်ခဲ့မှု အခြေအနေနှင့် ၂၀၀၅-၂၀၀၆ခုနှစ် စီမံကိန်းအဆိုပြုချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ပန်းတိုင်အထွက်နှုန်းရရှိနိုင်သည့် မျိုးကောင်းမျိုးသန့်စပါးမျိုးများ၏ အရည်အချင်း လက္ခဏာများ၊ စပါးအထွက်နှုန်းမိတ်ဖက်အချက်များကို ကြိုတင်တွက်ချက်၍ ပန်းတိုင်အထွက်နှုန်းရရှိအောင် စီမံဆောင်ရွက်ရမည့် နည်းပညာများ၊ ဓာတ်မြေသြဇာနှင့် သဘာဝဓာတ်မြေသြဇာ ရောစပ်သုံးစွဲရေးနည်းလမ်းအရ ယူရီးယားတစ်အိတ်နှင့်မြေဆွေးသုံးအိတ် ရောစပ်သုံးရန် စီမံဆောင်ရွက်ရမည့် အခြေအနေများ၊ နိုင်ငံခြားဝင်ငွေရရှိနိုင်သည့် ဆေးဖက်ဝင် အမယ်သစ်ပြည်တွင်း သစ်ခွများ စိုက်ပျိုးနိုင်သည့် နည်းပညာ များနှင့် ရေရရှိမှုအလိုက် စိုက်ပျိုးနိုင်သည့် သီးနှံများကို ပရိဂျက်တာဖြင့် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းများလျော့နည်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့်ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

တာဝန်ပေးအပ်

ယင်းနောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း၏ ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းတာဝန်နှင့် မိုးရာသီမိုးစပါးစိုက်ပျိုးရေး တာဝန်ပေးအပ်လွှာများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌလေးဦးအားပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဘုရားအနေကဇာတင်နှင့် ဓမ္မာရုံရေစက်ချပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်းတိုက်တွင် (နယုန်လပြည့်နေ့) ဇွန် ၂၁ရက်နံနက် ၉နာရီတွင် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒာသီရိ တပ်ကုန်းဆရာတော်နှင့် ပုပ္ပားဦးကုမာရ၏ တပည့်သံဃာတော်များ၊ ပင့်သံဃာတော်များက စေတီတော် ၁၂ဆူတို့ကို အနေကဇာတင်ကြပြီး နာယက ဘဒ္ဒန္တပဏ္ဍိစ္စ ကြီးမှူးတည်ဆောက်သော ဓမ္မာရုံဆွမ်းစားကျောင်းကြီး ရေစက်ချမည်ဖြစ်၍ အလှူငွေများကို ဖုန်း-၆၀၀၀၂၈သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ကျောင်းအလှူရှင်များ၊ တရားနာရေစက်ချပွဲတက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်တို့ ရန်ကုန်မြို့တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းရှိ အမျိုးသားစာကြည့်တိုက်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ယဉ်ကျေးမှု)

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် အမျိုးသားစာကြည့်တိုက် တည်ဆောက်ရေးလုပ်ငန်းစစ်ဆေး

ရန်ကုန် ဇွန် ၁၃

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်၁၀နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်ရှိ အမျိုးသားစာကြည့်တိုက်အသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာရာ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အမျိုးသားစာကြည့်တိုက် အစည်းအဝေးခန်းမဆောင်၌ ဒဂုံအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်မည့် တည်ဆောက်ရေးလုပ်ငန်းရပ်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

အကျယ်တဝင့်မှာကြား

ထို့နောက်ဝန်ကြီးက အမျိုးသားစာကြည့်တိုက်အသစ်တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ e-Government လုပ်ငန်း၊ e-Library လုပ်ငန်း၊ မျက်နှာစာတွင် မြေယာပြုပြင်ရေးလုပ်ငန်း၊ ခြံဝင်းအတွင်း ကားပတ်လမ်းနှင့် ရေနုတ်မြောင်းများ ဖောက်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်နှင့် သောက်ရေသန့်လုပ်ငန်း၊ ဓာတ်လှေကားတပ်ဆင်မှုလုပ်ငန်း၊ ကားရပ်နားမည့်နေရာ သတ်မှတ်ခြင်းလုပ်ငန်း၊ ခြံစည်းရိုး ကာရံခြင်းလုပ်ငန်း၊ မီးဘေးအန္တရာယ် မကျရောက်စေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းရပ်များကို ဂရုပြုဆောင်ရွက်ကြရန် အကျယ်တဝင့် မှာကြားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၀၅ (အင်္ဂါနေ့)

၁၃၆၇ခုနှစ်၊နယုန်လဆန်း(၈)ရက်(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ ကျောက်တစ်လုံးရေကူ ရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား
- ၅:၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၁၅ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဝူခုန်း"(အပိုင်း-၁၀၂)**
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ တေးဂီတအစီအစဉ်
- ၇:၂၀ ၁၃။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အတီးပညာဘာသာရပ် သင်တန်းပို့ချချက်
- ၇:၃၀ ၁၄။ ကြေးမုံရိပ်သွင် တေးနှယဉ်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမာန်ဆောင်း၏ ချစ်သံစဉ်" (အပိုင်း-၂၆)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်သားသမီးများအား ၂၀၀၅-၂၀၀၆ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၂ရက်ကကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးယုနိုင်က အင်းစိန်စခန်းမှူး ရဲအုပ်သန်းထွန်းထံ ထောက်ပံ့ငွေကျပ် ၈၆၅၀၀ ပေးအပ်စဉ်။ (၆၁)

အမှာစကား ပြောကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ရွှေဘိုဘဏ်ခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အထက်မြန်မာပြည်ရှိ ဘဏ်လုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် ဇွန် ၁၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇွန် ၁၁ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ လုပ်ငန်းဌာန၊ ဦးစီးဌာနများ၊ ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ထိရောက်ထက်မြက်သည့် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများဖြင့် နိုင်ငံတော်၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး၊ ဌာနရည်မှန်းချက်တာဝန်များ ပြည့်မီရေး ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများကို ပြေပြစ်ပျူငှာစွာဖြင့် အသိပညာပေးစည်းရုံးဆောင်ရွက်ရေး၊ ဌာနဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရင်း ဒေသဖွံ့ဖြိုးရေး ပိုင်းဝန်းကြိုးပမ်းကြရေး မှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇွန် ၁၁ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်တွင်းအခွန်များ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ ဦးစီးမှူးများ၊ မန်နေဂျာများ၊ တာဝန်ခံအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးများ၊ တာဝန်ခံအရာရှိများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ဌာနအလိုက် ရည်မှန်းချက် အကောင်အထည်ဖော်နိုင်မှု အခြေအနေများတင်ပြကြရာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဌာနဆိုင်ရာ အသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုများကို လုပ်ငန်းသုံးသပ်ချက်နှင့်တကွ လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇွန် ၁၂ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် ပြည်ရွှေဘိုဧည့်ရိပ်သာတွင် စစ်ကိုင်းတိုင်းအတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းဌာန၊ ဦးစီးဌာနများမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့် တာဝန်ခံအရာရှိများနှင့် တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းသုံးသပ်ချက်နှင့်တကွ လိုအပ်သည်များကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ ဆောင်ရွက်ရင်း ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းကြရန်များကို မှာကြားသည်။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ရွှေဘိုဘဏ်ခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အမှတ်(၆) ရပ်ကွက် ဦးအောင်ဇေယျလမ်း သခွပ်တောရပ် ရွှေဘိုမြို့၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့ တက်ရောက် အားပေးချီးမြှင့်ကြသည်။

ရှေးဦးစွာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းနှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြတ်မော်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက မြန်မာ့စီးပွားရေးဘဏ် ရွှေဘိုခရိုင် ဘဏ်ခွဲအဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာတွင် မြန်မာ့စီးပွားရေးဘဏ်သည် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ အရေးပါသည့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးနေသော ဌာနတစ်ခု ဖြစ်သဖြင့် ဘဏ်ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်များ၏ အရေးပါမှုကို သိရှိနားလည် တန်ဖိုးထားကြပြီး ပြည်သူအတွက်၊ နိုင်ငံတော်အတွက် စွမ်းအားပြည့် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယနေ့နံနက် ၁၁နာရီတွင် မန္တလေးတိုင်း ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ ရောက်ရှိစစ်ဆေး၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနလုပ်ငန်းများမှ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို တင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်း ရည်မှန်းချက်များ ပြည့်မီအောင်မြင်စေရေး ဆောင်ရွက်ရာတွင် ဆက်ဆံရေးချိုသာ ပြေပြစ်ရန်လိုအပ်ကြောင်းဖြင့်မှာကြားသည်။ယင်းနောက် ဝန်ကြီးသည် ယနေ့မွန်းလွဲတွင် မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်(၂) ရှိ ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်လုပ်ငန်း သင်တန်းကျောင်းတွင် ဘဏ်လုပ်ငန်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များ အပေါ်လိုအပ်သည်များမှာကြားခဲ့သည်။

(သတင်းစဉ်)

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေတစ်ခု ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရ မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့အား ဇွန် ၁၂ရက် ညက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

နိုင်ငံတကာပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သော ပိုက်ကျော်ခြင်းနှင့် မြန်မာလှေလှော်အသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၁၃

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဇွန် ၆ရက်မှ ၁၀ရက်အထိ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ပိုက်ကျော်ခြင်း ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီးကျော်ဇင်မိုး ခေါင်းဆောင်သော အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် အားကစားသမား စုစုပေါင်း အားကစားအဖွဲ့ဝင်ခြောက်ဦး ပါဝင်သည့် မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပိုက်ကျော်ခြင်းအားကစားသမားများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာအားကစားအဖွဲ့သည် အမျိုးသားနှစ်ယောက်တွဲ (Double)ပြိုင်ပွဲတွင် အောင်ချိုမြင့်၊ စည်သူလင်းတို့အတွဲက ရွှေတံဆိပ်တစ်ဆုနှင့် အောင်ချိုမြင့်၊ စည်သူလင်းနှင့် ရာဇာထွန်းတို့အတွဲက သုံးယောက်တွဲ(Regu)ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ဆု ရရှိခဲ့သည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာ၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဂျပန်နှင့် ကိုရီးယား၏ ပြိုင်ပွဲဝင် နိုင်ငံခုနစ်နိုင်ငံမှ ပြိုင်ပွဲဝင် အသင်းရှစ်သင်း ယှဉ်ပြိုင်ခဲ့ကြရာ နှစ်ယောက်တွဲ (Double)ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ပထမနှင့် မလေးရှားနိုင်ငံက ဒုတိယရရှိကြပြီး သုံးယောက်တွဲ(Regu)ပြိုင်ပွဲတွင် မလေးရှားနိုင်ငံက ပထမနှင့် မြန်မာနိုင်ငံက ဒုတိယရရှိသည်။

မလေးရှားနိုင်ငံ ပီနန်မြို့၌ ဇွန် ၁၀ရက်မှ ၁၂ရက်အထိကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် အပြည်ပြည်ဆိုင်ရာ နဂါးလှေလှော်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းဦးခေါင်းဆောင်သည့် အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် အားကစားသမား စုစုပေါင်း အားကစားအဖွဲ့ဝင် ၂၆ဦးပါဝင်သော မြန်မာလှေလှော် အားကစားအဖွဲ့သည် ယနေ့မွန်းတည့် ၁၂နာရီတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြရာ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာအားကစားအဖွဲ့သည် ပြိုင်ပွဲဝင် အသင်း ၃၅သင်းပါဝင်ယှဉ်ပြိုင်သော နဂါးလှေ ၁၂ဦးပြိုင်ပွဲတွင် မြန်မာနိုင်ငံက ပထမ၊ အင်ဒိုနီးရှားနိုင်ငံက ဒုတိယရရှိပြီး ပြိုင်ပွဲဝင်အသင်း ၂၆သင်း ပါဝင်ယှဉ်ပြိုင်သော နဂါးလှေ ၂၀ဦး ပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံက ပထမရရှိပြီး မြန်မာနိုင်ငံက ဒုတိယရရှိခဲ့သည်။ (သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ အကြောင်း သိကောင်းစရာဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ အမျိုးသမီးရေးရာအဖွဲ့ အကြောင်းသိကောင်းစရာဆွေးနွေးပွဲကို ဇွန် ၁၁ရက်က သိမ်ဖြူမီးရထားရပ်ကွက် ဓမ္မာရုံတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို တက်ရောက် အမှာစကားပြောကြားသည်။

မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်က အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများ ဟောပြောပြီး အမျိုးသမီးရေးရာအဖွဲ့ဝင် အသိအမှတ်ပြုကတ်ပြားများကို မြို့နယ်ဥက္ကဋ္ဌက ရပ်ကွက်ဥက္ကဋ္ဌသို့ ပေးအပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းနေ ဦးစိန်ဝင်း-ဒေါ်သိမ်းသိမ်းစန်း၊ သမီး မမေသူကျော်၊ မစိမ့်သဒ္ဒါသိမ့် မိသားစုတို့က အမက(၅)တွင် ပညာသင်ကြားနေသော ချို့တဲ့ကျောင်းသူ၊ ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့စရိတ် ကျပ် ၄၅၀၀၀ ကို ကျောင်းအုပ်ဆရာမကြီးဒေါ်ဌေးဌေးရီထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

(၃၂)

ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုကြိုဆို စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း တူးဖော်လှူဒါန်းပြီးစီးခဲ့သည့် စက်ရေတွင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး သူနာပြုဆရာမများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲနှင့် ၂၀၀၅ ခုနှစ် ဇွန် ၁၄ရက်တွင်ကျရောက်မည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ သူနာပြုသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးပြီး စက်ရေတွင်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ အခမ်းအနားကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိသူနာပြုသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကားပြောကြားသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းတူးဖော်ပြီးစီးခဲ့သည့် စက်ရေတွင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပြုလွှာ

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ ၉၆စောင်ကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသို့ ပေးအပ်ရာ မြို့တော်ဝန်က လက်ခံယူပြီး အသိအမှတ်ပြု ကတ်ပြားများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် ရန်ကုန်ဆေးရုံကြီးဝင်းအတွင်း၌ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းတူးဖော် ပြီးစီးခဲ့သည့် စက်ရေတွင်းသို့ ရောက်ရှိရာ မင်္ဂလာမဏ္ဍပ်ရှေ့တွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဗဟိုအလုပ်အမှုဆောင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး စက်ရေတွင်းသစ်မှ ရေထွက်ရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ စက်ရေတွင်းသစ်သည် အချင်း ရှစ်လက်မရှိ UPVC ပိုက်ဖြင့် အနက်ပေ ၁၂၀ တူးဖော်ထားရှိရာ တစ်နာရီလျှင် ရေဂါလန် တစ်သောင်း ထွက်ရှိကြောင်း သိရသည်။

လှူဒါန်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ၂၀၀၅ ခုနှစ် ဇွန် ၁၄ရက်တွင် ကျရောက်မည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် အသင်းဝင် သွေးအလှူရှင် ၂၀၀ တို့ စုပေါင်းသွေးလှူဒါန်းကြရာသို့ သွားရောက်ကြည့်ရှုပြီး သွေးအလှူရှင်များအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်အားပေးကာ အာဟာရပြည့်အစားအစာများနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

၂၀၀၅ ခုနှစ် ဇွန် ၁၄ရက်တွင် ကျရောက်မည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ စုပေါင်းသွေးလှူဒါန်းခြင်း အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့ ကြည့်ရှုအားပေးစဉ်။ (ရန်ကုန်တိုင်း)

မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နာယက (မြားပစ်အားကစားနည်း တာဝန်ခံ) ဒေါ်ညွန့်ညွန့်ဦးနှင့် နာယကအဖွဲ့ ပဏာမလက်ရွေးစင် မြားပစ်အားကစားသမားများအား ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်စဉ်။ (ကြေးမုံ)

အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများ လက်ရွေးစင်မြားပစ်အားကစားသမားများ စခန်းသွင်း လေ့ကျင့်မှုကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၁၃

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမလက်ရွေးစင် မြားပစ်အားကစားသမားများအား စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သို့ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက (မြားပစ်အားကစားနည်း တာဝန်ခံ) ဒေါ်ညွန့်ညွန့်ဦးနှင့် နာယကများဖြစ်ကြသည့် ဒေါ်ခင်အေး၊ ဒေါ်ခင်မိမိ၊ ဒေါ်ခင်မြဝင်း၊ အလုပ်အမှုဆောင်ကော်မတီအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေမိုးတို့က လာရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါနာယကအဖွဲ့အား မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးက (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ လက်ရွေးစင်မြားပစ်အသင်း အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြပြီး စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင် မြားပစ်အားကစားသမားများ၏ အိပ်ဆောင်၊ စားသောက်ဆောင်များအား လိုက်လံရှင်းလင်းတင်ပြသည်။

ထို့နောက် ပဏာမ မြားပစ်အားကစားသမားများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် နာယက(မြားပစ်အားကစားနည်းတာဝန်ခံ) ဒေါ်ညွန့်ညွန့်ဦးနှင့် နာယကအဖွဲ့က ပဏာမလက်ရွေးစင် မြားပစ်အားကစားသမားများအား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပြီး အမှာစကား ပြောကြားခဲ့သည်။

(ကြေးမုံ)

သင်္ဘောသားအကူ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန သင်္ဘောသားအကူ(လူသစ်) အခြေခံသင်တန်း(၁/၂၀၀၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ဗိုလ်တထောင်ဆိပ်ကမ်းရှိ "မြသီတာ"သင်္ဘောဒါန်သင်တန်းကျောင်း၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် တက်ရောက်အမှာစကား ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ အထွေထွေမန်နေဂျာနှင့် ဒုတိယအထွေထွေ မန်နေဂျာများ၊ ဌာနခွဲအသီးသီးမှ ဒုတိယရေကြောင်းဌာနမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ရေယာဉ်မှူး၊ ရေယာဉ်အုပ်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၁၂၆ဦးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

အေတီပီ ဂါရီဝီဘာ အိုးပင်းတင်းနစ်ပြိုင်ပွဲ ရော်ဂျာဖီဒဲရား ချန်ပီယံဖလားရရှိ

ပေကျင်း ဇွန် ၁၃

ဆွစ်ဇာလန်တင်းနစ်သမား ရော်ဂျာဖီဒဲရားသည် အေတီပီဂါရီဝီဘာ အိုးပင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရုရှားတင်းနစ်သမား မာရတ်ဆာဖင်ကို သုံးပွဲအပြတ်နှင့် အနိုင်ရရှိသွားပြီး ချန်ပီယံဖလားကို ဆွတ်ခူးသွားသည်။

ဆွစ်တင်းနစ်သမား ရော်ဂျာဖီဒဲရားက မာရတ်ဆာဖင်ကို ၆-၄၊ ၆-၇၊ (၆/၈)၊ ၆-၄ ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယခုပွဲသည် ကမ္ဘာ့တင်းနစ်လောကတွင် အဆင့်(၁)ရှိသူ ဖီဒဲရားအတွက် ဝင်ဘယ်လ်ဒန်တင်းနစ်ပွဲများမတိုင်မီ လက်ရည်သွေးသည့် ပွဲကြီးပွဲကောင်းတစ်ပွဲပင်ဖြစ်သည်ဟု သုံးသပ်မှုများလည်း ထွက်ပေါ်လာသည်။

ဗိုလ်လုပွဲတွင် ရုရှားတင်းနစ်သမား မာရတ်ဆာဖင်၏ အချို့သောရိုက်ချက်များသည် အဆင့်(၁) တင်းနစ်သမား ဖီဒဲရားကို အံ့အားသင့်ခဲ့သည်အထိ ဖြစ်ခဲ့ရသည်။

ဂျာမနီအနောက်ပိုင်းရှိ ဟာလေမြို့ မြက်ခင်းတင်းနစ်ကွင်း၌ ကျင်းပသည့် ဂါရီဝီဘာအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဖီဒဲရားအတွက် ပွဲဦးထွက်၌ ယှဉ်ပြိုင်ရသော ရော်ဘင်ဆိုဒါလင်နှင့် ပွဲပြီးသည့်အချိန်မှစ၍ တစ်ပွဲပြီးတစ်ပွဲ ပို၍လက်တွေ့လာသည်ကို တွေ့ကြရသည်။

ဆာဖင်အတွက် မြက်ခင်းတင်းနစ်ကွင်းမှာ သဘောမတွေ့သော ကွင်းအမျိုးအစားပင်ဖြစ်သည်။ ၎င်းဝင်ဘယ်လ်ဒန်ပြိုင်ပွဲများတွင် အကောင်းဆုံးကစားနိုင်သော အခြေအနေဖြစ်သည့် ၂၀၀၁ခုနှစ်ပွဲတွင် ကွာတားဖိုင်နယ်ပွဲအထိ ဆာဖင် တက်လှမ်းနိုင်ခဲ့သည်။

"ကျွန်တော့်အတွက် ဟာလေမြက်ခင်းတင်းနစ်ကွင်းများတွင် ကစားရာ၌ မြန်မြန်ဆန်ဆန် လက်တွေ့လာပြီး အချိန်တိုအတွင်းမှာပင် စိတ်ကြိုက်ကစားနိုင်သည်ကို တွေ့ရှိရသည့်အတွက် အားရကျေနပ်မိပါသည်"ဟု ဖီဒဲရားက ပြောကြားခဲ့သည်။

ဗိုလ်လုပွဲတွင် ကျွန်တော်လိုက်လျောညီထွေရှိအောင် ကစားနိုင်ခဲ့ပါတယ်။ ယခု သီတင်းပတ်သည် ကျွန်တော့အတွက် အကျပ်အတည်း အခက်အခဲ အများအပြားတွေ့ရသည့် သီတင်းပတ်ပင်ဖြစ်ပါတယ်။ သို့ရာတွင် မိမိအနေဖြင့် ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သည့်အတွက် ကျေနပ်မိပါသည်ဟု ဒုတိယဆုဖလားကိုသာ ရခဲ့သော ဆာဖင်က ပြောကြားသွားသည်။ **(အင်တာနက်)**

ချန်ပီယံ ဆုဖလားနှင့်အတူ ဖီဒဲရား(ဝဲ)ကို ပွဲအပြီးတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြည့်ရှု စစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ချောင်းကောက်ရေလှောင်တမံပိုလျှံရေများကို မိတ္ထီလာကန်သို့ ဖြည့်တင်းရေးလုပ်ငန်းတွင် ဆက်သွယ်မြောင်းများအား စက်ယန္တရားများဖြင့် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ချောင်းကောက်ရေလှောင်တမံ ရေထိန်းသိမ်းမှုကြည့်ရှု ရှာငံမြို့နယ် မြို့ကြီးရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇွန် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၅ရက်တွင် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်၌ တည်ဆောက်ထားသော ချောင်းကောက်ရေလှောင်တမံသို့ရောက်ရှိပြီး မန္တလေးတိုင်း စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ချောင်းကောက် ရေလှောင်တမံ ဆည်ရေဖြင့် သီးနှံစိုက်ပျိုးမှုနှင့် ပိုလျှံရေများ မိတ္ထီလာကန်သို့ ဖြည့်တင်းပေးရေးကိစ္စများကို ဆွေးနွေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ချောင်းကောက် ရေလှောင်တမံ၌ ရေဧကပေ ၅၀၀၀ ကျော် ထိန်းသိမ်းထားမှုနှင့် ဆည်ရေပေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအတွက် ချောင်းကောက် ရေလှောင်တမံနှင့် မိတ္ထီလာကန်အကြားရှိ ရေပိုရေလျှံများကို ထိရောက်စွာ အသုံးချလျက် မိတ္ထီလာကန် ရေကူဖြည့်ပေးနိုင်ရန် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညောင်ကုန်းရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ပျော်ဘွယ်မြို့နယ်ရှိ ချောင်းကောက် ရေလှောင်တမံမှ ပိုလျှံရေပမာဏ ဧကပေ တစ်သောင်းခန့်နှင့် ချောင်းကောက် ရေလှောင်တမံ၊ လက်ခုပ်ပင် ရေလှောင်တမံ၊ ညောင်ကုန်း ရေလှောင်တမံ ဆက်သွယ်တူးမြောင်းတစ်လျှောက်ရှိ ရေဆင်းဧရိယာ ၂၄ စတုရန်းမိုင်မှ စီးဆင်းလာမည့် ရေပမာဏ ဧကပေ ကိုးထောင်ခန့်ကို ညောင်ကုန်း ရေလှောင်တမံမှ လေးမိုင်ခွဲ ကွာဝေးသည့် မိတ္ထီလာကန်သို့ ရေဖြည့်ပေးမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဝါစိုက်ခင်းကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကုက္ကိုစုကျေးရွာအုပ်စု၌ စိုက်ပျိုး ဖြစ်ထွန်းနေသော မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ကူမဲရှေ့တန်းစခန်းတာဝန်ခံက မြစ်သားမြို့နယ်၌ မိုးကြိုချည်မျှင်ရှည်ဝါ ၃၂၈၂ဧက စိုက်ပျိုးမှု၊ ဆည်ရေရရှိမှု၊ ပန်းတိုင်အထွက်နှုန်း တစ်ဧက ပိဿာ ၄၀၀ရရှိနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝါစိုက်တောင်သူများ၊ ဌာနဝန်ထမ်းများနှင့်ဆွေးနွေးရာ ဝါစိုက်တောင်သူ ဦးမောင်သန်းက တစ်ဧက ဝါပိဿာ ၄၀၀ ထွက်ရှိမှုအခြေအနေကိုလည်းကောင်း၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာပြေတင်က မျိုးသန့်ဝါမျိုးများ စိုက်ပျိုးမှုနှင့် စိုက်ခင်းပြုစုမှု နည်းပညာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးသည် ချည်မျှင်ရှည်ဝါ စိုက်ခင်းများနှင့် ဝါမျိုးနမူနာများ၊ ဝါဂွမ်းနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

မြို့ကြီးရေလှောင်တမံ

ညနေပိုင်းတွင် ဝန်ကြီးသည် ရှမ်းပြည်နယ်တောင်ပိုင်း ရှာငံမြို့နယ် မြို့ကြီးကျေးရွာအနီး၌ ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး (၇)က တည်ဆောက်နေသည့် မြို့ကြီးရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းများနှင့် ဇော်ဂျီမြစ်၏ အနေအထားတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တည်ဆောက်ရေး (၇) ဒုတိယညွှန်ကြားရေးမှူးတို့က ရှင်းလင်းပြသကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၇)ဒုတိယညွှန်ကြားရေးမှူးက ဘူမိဗေဒစမ်းသပ်မှုလုပ်ငန်းများနှင့် ပင်မတမံ တည်ဆောက်မည့်လုပ်ငန်းတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ပေးပြီး လိုအပ်ချက်များကို ပံ့ပိုးသည်။

မြို့ကြီးရေလှောင်တမံသည် မိတ္ထီလာလွင်ပြင်အတွင်းရှိ ဆည်ရေသောက်စနစ်များနှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီ ရေသောက်စနစ်များကို ရေဖြည့်တင်းပေးနိုင်မည့်အပြင် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းတွင်ပါဝင်သော ရေလှောင်တမံတစ်ခုဖြစ်သည်။

ဝါသုတေသနခြံ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျောက်ဆည်မြို့နယ်ရှိ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း လွန်ကျော်ဝါ သုတေသနခြံသို့ရောက်ရှိပြီး မိုးကြိုချည်မျှင်ရှည်ဝါ မျိုးပွား စိုက်ခင်းဧက ၂၀၀ ကျော်နှင့် သုတေသန စိုက်ခင်းများ၊ မျိုးဝါစေ့များကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မျိုးသန့်ဝါများ ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် လွန်ကျော်ခြံ၏ မိုးကြိုမိုးနှောင်း ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဝါမျိုးသန့် ရရှိရေး၊ ဝါတောင်သူများအား စိုက်ပျိုးနည်းစနစ်များပြသရေး၊ ခြံ၌ စိုက်ပျိုးဧကအပြည့်အဝ စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ကျောက်ဆည်မြို့နယ် အင်းကုန်းကျေးရွာရှိ စက်မှုလယ်ယာ ဦးစီးဌာန မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံသို့ရောက်ရှိရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က စက်ရုံမှ လက်တွန်းထွန်စက်နှင့် အင်ဂျင်ဂီယာဘောက်များ ထုတ်လုပ်မှု၊ လယ်ယာသုံးကိရိယာများဖြစ်သည့် အောက်ခံမြေလှန်ခွဲ ကိရိယာ လေးသွားလင်ပန်းထယ်၊ မြေညှိကိရိယာ၊ ပေါင်ဖော်ကိရိယာ၊ ကြံစိုက်ကိရိယာ၊ ပေါင်းရှင်းကိရိယာ၊ ဆေးဖျန်း၊ မြေဩဇာကျွေးကိရိယာ၊ ကြံခုတ်စက်၊ ကြံလမိုင်းဖြတ်ကိရိယာ၊ သဲမွှေစက်၊ လက်တွန်းထွန်စက်နှင့် တွဲဖက်သုံးနိုင်သော ကျေးလက်ဒေသသုံးသယ်ပို့ယာဉ်၊ ကျေးလက်ဒေသသုံး မီးသတ်ယာဉ်၊ ဟိုက်ဒြောလစ်သယ်ပို့ယာဉ်တို့ ဆောင်ရွက်နိုင်မှုကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးက လယ်ယာသုံး ကိရိယာများနှင့် လက်တွန်းထွန်စက်များထုတ်လုပ်ရေး မှာကြား၍ စက်ရုံက ထုတ်လုပ်သည့် အင်ဂျင်ဂီယာဘောက်၊ ဖလိုင်းဝှီးနှင့် အစိတ်အပိုင်းများ၊ လက်တွန်း ထွန်စက်နှင့် တွဲဖက်သုံးနိုင်သောယာဉ်များ၊ လယ်ယာသုံး စက်ကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ဒေသသုံး မီးသတ်ယာဉ်ဖြင့် လက်တွေ့ ရေပက်ဖျန်းနိုင်မှု စွမ်းအားသရုပ်ပြမှုကို ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများကို "အမျိုးသမီးများအရေးပါမှု အလေးထား၊ ကမ္ဘာမြေဖွံ့ဖြိုးမှုအတွက် စွမ်းဆောင်အား" ခေါင်းစဉ်ဖြင့် ဇွန်၁၂ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ ပြည်နယ်၊ တိုင်းမြို့ကြီးများရှိ သတ်မှတ်ထားသော နေရာများ၌ တစ်ပြိုင်တည်း ကျင်းပသည်။

ရန်ကုန်တိုင်း၌ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ ပြိုင်ပွဲကို ပညာရေးတက္ကသိုလ်၌ လည်းကောင်း၊ ကောလိပ်ကျောင်းသား၊ ကျောင်းသူများ၏ ပြိုင်ပွဲကို ရန်ကင်းပညာရေးကောလိပ်၌လည်းကောင်း၊ အထက်တန်းနှင့် အလယ်တန်းကျောင်းသား၊ ကျောင်းသူများ၏ပြိုင်ပွဲကို အလုံမြို့နယ် ခန်းမနှင့် အလုံမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းတို့၌လည်းကောင်း ကျင်းပသည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲများ ကျင်းပသည့်နေရာများသို့ ၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီနှင့် ကော်မတီဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

ပါဝင်ယှဉ်ပြိုင်

၂၀၀၅ခုနှစ်ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်း စာစီစာကုံးပြိုင်ပွဲသို့ တက္ကသိုလ်၊ ကောလိပ်အဆင့်တွင် ၁၇၁ဦး၊ အထက်တန်းအဆင့်တွင် ၂၇၂ဦး၊ အလယ်တန်းအဆင့်တွင် ၂၀၇ဦး စုစုပေါင်းပြိုင်ပွဲဝင် ၆၅၀ ပါဝင်ယှဉ်ပြိုင်ကြသည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီနှင့် ကော်မတီဝင်များ ၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများ ကျင်းပနေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

စာရေးကိရိယာ ထောက်ပံ့ပေးအပ်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ မြို့နယ်တွင်းရှိ စေတနာရှင်များ ဝိုင်းဝန်းစုပေါင်းကာ ကြီးပွားရေးရပ်ကွက်အတွင်းရှိ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေး ပညာရေးအထောက်အကူပြု စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၂ရက် နံနက် ၁၀နာရီတွင် ကြီးပွားရေးရပ်ကွက်ရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းက အမှာစကားပြောကြားပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးဆန်းမြင့်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ကျောင်းသူ၊ ကျောင်းသား ၆၀ တို့အား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်း၊ ကြီးပွားရေးရပ်ကွက် ဥက္ကဋ္ဌ ဦးဆန်းမြင့်အောင်နှင့် တာဝန်ရှိသူတို့က စာရေးကိရိယာများ ထောက်ပံ့ ပေးအပ်ကြသည်။ **(အောက်ပုံ)**

(၅၀၆)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ကျေးရွာအုပ်စု ၂၁ အုပ်စု၊ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်တို့မှ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း မိုးကုတ်၊ သပိတ်ကျင်းနှင့် စဉ့်ကူးမြို့နယ်အသင်းများမှ တာဝန်ရှိသူများအား တွေ့ဆုံ

ရန်ကုန် ဇွန် ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇွန် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မိုးကုတ်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးများ၌ မြို့နယ်အသင်းများ၏ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ စည်းရုံးရေးမှူးများအား တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရေး၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများ၌ ဦးဆောင်ဦးရွက်ဆောင် ရွက်သွားရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ကျရာအခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်သွားရေးတို့ကို အသေးစိတ် ဆွေးနွေးမှာကြားသည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ဇွန် ၁၁ရက် နံနက် ၆နာရီခွဲတွင် မိုးကုတ်မြို့ သတိပဋ္ဌာန်စာသင်တိုက်သို့ရောက်ရှိပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုနန္ဒနှင့် သံဃာတော် အရှင်သူမြတ်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

နံနက် ၉နာရီခွဲ တွင် မိုးကုတ်မြို့နယ် ကင်းရွာအခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)





မွန်ပြည်နယ် မော်လမြိုင်မြို့ရှိသမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ပရိဝုဏ် ပြုပြင်တည်ဆောက်မှုလုပ်ငန်းအတွက် ဇွန် ၁၀ရက်က ဦးလှဝင်း (ပြည်နယ်တရားသူကြီး)၊ ဒေါ်နှင်းရီ (ရတနာရွှေဆိုင်၊ ဗိုလ်ချုပ်ဈေး) သား ဒေါက်တာအောင်နေဝင်း၊ မောင်ဖြိုးမင်းမင်း၊ သမီးမဝင်းအိအိဖြိုး မိသားစုက ငွေကျပ် ရှစ်သောင်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၂၅၇)

ကျိုက္ကစံစေတီတော် ရွှေသင်္ကန်းကပ်လှူရန် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၁၃

အကြိမ် (၂၀)မြောက် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝေယျာဝစ္စအသင်းကြီး၏ ရွှေသင်္ကန်းကပ်လှူရန် အလှူငွေပေးအပ်ပွဲကို စေတီတော် ရင်ပြင်တော်ပေါ်ရှိ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝေယျာဝစ္စအသင်း ဓမ္မာရုံပေါ်တွင် ယမန်နေ့က ကျင်းပသည်။

ပေးအပ်လှူဒါန်း

အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် အသင်းသူ၊ အသင်းသားများ လှူဒါန်းငွေနှင့် ရပ်ကွက်အသီးသီးမှ စုပေါင်းလှူဒါန်းငွေကျပ် ၉၀၀၀၀၀ ကို သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းက စေတီတော် ဂေါပကအဖွဲ့ဝင်၊ ဘဏ္ဍာရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်သိန်းထံ ပေးအပ်လှူဒါန်းသည်။ **(က-ပ)**

မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဇွန် ၁၃

လှည်းကူးမြို့ အောင်မင်္ဂလာရပ်ကွက် ဥယျာဉ်ကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၂၂၇)တွင် မိုးကုတ်ဆရာတော်၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်ကို ဇွန် ၂၂ ရက်တွင် ဟောကြားမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများ ဇွန် ၂၁ ရက် ကြွရောက်ကြရန် နှိုးဆော်ထားပြီး ဖုန်း-၆၂၉၅၁၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မှာကြား

ဇွန် ၁၁ ရက်က ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပဲခူးတိုင်း ပဲခူးမြို့ သီရိဥသာခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး နယ်မြေဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတို့ကို မှာကြားစဉ်။ (သတင်း-ဖော်ပြပြီး) (ပြည်ထဲရေး)

ချစ်ကြည်ရေးပွဲ ယှဉ်ပြိုင်ကစားရန် တရုတ် ဘော်လီဘောအသင်း ရောက်ရှိ

ရန်ကုန် ဇွန် ၁၃

မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေးဘော်လီဘောပွဲများ ယှဉ်ပြိုင်ကစားရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Si Chuan ဘော်လီဘောအသင်းမှ အဖွဲ့ခေါင်းဆောင် Mr. Chen Ben Sheng ခေါင်းဆောင်သည့် အဖွဲ့ဝင် စုစုပေါင်း ၁၈ဦးပါဝင်သော ချစ်ကြည်ရေး ဘော်လီဘောအသင်းသည် ယမန်နေ့ မွန်းလွဲ ၁နာရီ မိနစ် ၅၀တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

အဆိုပါ ဘော်လီဘောအသင်းတွင် အဖွဲ့ခေါင်းဆောင် တစ်ဦး၊ နည်းပြအဖွဲ့ဝင် သုံးဦး၊ ဆရာဝန်တစ်ဦးနှင့် လေ့ကျင့်ရေးမှူး တစ်ဦး၊ အားကစားသမား ၁၂ဦး စုစုပေါင်းအဖွဲ့ဝင် ၁၈ဦးတို့ပါဝင်ပြီး ချစ်ကြည်ရေး ဘော်လီဘောပွဲများကို ဇွန် ၁၄ရက်၊ ၁၆ရက်နှင့် ၁၈ ရက်တို့တွင် အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ နေ့စဉ် ညနေ ၃နာရီတွင် ကျင်းပမည်ဖြစ်ရာ အခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင်သည်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းကမ်းထိန်းသိမ်းရေး ကော်မတီမှ ဝန်ထမ်းမိသားစုများ၏ သား၊ သမီးများ ပညာသင်စရိတ် ပေးအပ်ပွဲကို ဇွန် ၁၀ ရက်က မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းတွင် ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ဝန်ထမ်းတစ်ဦးအား ပညာသင် စရိတ်ပေးအပ်စဉ်။ (၆၃)

လှူဒါန်း

(၄၃-ဘီ) မစိုးရိမ်ကျောင်းလမ်း မရမ်းကုန်းမြို့နယ်နေ ဒေါ်အေးအေးသစ် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှု အသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့် လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဝိုင်အမ်ဘီအေအသင်း နှစ်လည်အစည်းအဝေး

ရန်ကုန် ဇွန် ၁၃

ဗုဒ္ဓဘာသာ ကလျာဏယုဝ (YMBA)အသင်း၏ ၂၀၀၄-၂၀၀၅ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇွန် ၂၆ရက်၊ နယုန်လပြည့်ကျော် ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် YMBA အသင်း အပေါ်ထပ် ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ကတ်ပြားနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပါ တစ်ပါတည်း ယူဆောင်လာပါရန် အမှုဆောင်အဖွဲ့က မေတ္တာရပ်ခံထားသည်ဟု သိရသည်။ (၂၃)

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် သတ္တုတွင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး ခြိုးခြံချွေတာ၍ ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရန်မှာကြား

ကြည့်ရှု စစ်ဆေး

သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် စပယ်တောင်နှင့် စပယ်တောင် တောင်ဘက် လုပ်ကွက်တွင် သတ္တုရိုင်းများ တူးဖော်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတ္တုတွင်း)

ရန်ကုန် ဇွန် ၁၃

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောလွင် လိုက်ပါလျက် ဇွန် ၁၀ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်ရှိ အမှတ်(၁) ကြေးနီသတ္တုတွင်းလုပ်ငန်းသို့ ရောက်ရှိပြီး မြန်မာအိုင်ဗင်ဟိုး ကြေးနီကုမ္ပဏီ၏ Fine Screening Plant တပ်ဆင်ပြီးစီး၍ လည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကတ်သုတ်ကော့ပါး

ဆက်လက်၍ ဝန်ကြီးသည် စပယ်တောင်နှင့် စပယ်တောင် တောင်ဘက်လုပ်ကွက်တွင် သတ္တုရိုင်းများ တူးဖော်ထုတ်လုပ်နေမှုနှင့် သတ္တုရိုင်းများ စုပုံနေမှုကို ကြည့်ရှုစစ်ဆေး၍ သတ္တုရိုင်း တိုးချဲ့ရှာဖွေမှု၊ အရည်အသွေးမီသတ္တုများ ရည်မှန်းချက်ပြည့်မီအောင် တူးဖော်ပို့ဆောင်ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ သဘာဝပတ်ဝန်းကျင် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်သွားရေး မှာကြားကာ Take House ၌ ကတ်သုတ်ကော့ပါး ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လုပ်သားဆေးရုံသို့ ရောက်ရှိပြီး ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး ဝန်ထမ်းများ၏ တစ်ပိုင်တစ်နိုင် ငါးမွေးကန်၊ နှစ်ရှည် သီးပင်စားပင်နှင့် ဟင်းသီးဟင်းရွက် စိုက်ခင်းများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စုပေါင်းခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒ လမ်းစဉ်များနှင့်အညီ ဝန်ထမ်းများသည် စည်းစည်းလုံးလုံး ပူးပေါင်းဆောင်ရွက်သွားရန်နှင့် လုပ်ငန်းတိုင်း၌ ခြိုးခြံချွေတာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၁၃-၆-၂၀၀၅					
ပူတာအို	-	၂ ဒသမ ၂၈ လက်မ	**တောင်ကြီး**	-	၁ ဒသမ ၃၈ လက်မ
ဇလွန်	-	၁ ဒသမ ၈၂ လက်မ	**ဖျာပုံ**	-	၁ ဒသမ ၃၀ လက်မ
ဘားအံ	-	၁ ဒသမ ၆၈ လက်မ	**တောင်ငူ**	-	၁ ဒသမ ၁၉ လက်မ
ထားဝယ်	-	၁ ဒသမ ၅၀ လက်မ	**ပုသိမ်**	-	၁ ဒသမ ၁၁ လက်မ

အဖျက်အမှောင့်လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများမှ ဆက်သွယ်သတင်းပေးပို့နိုင်သည့် ဌာနများ

ရန်ကုန် ဇွန် ၁၃

ပြည်သူများအနေဖြင့် မိမိတို့၏ အနီးပတ်ဝန်းကျင်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ပြီး ရောင်တိမ်းရန်ကြိုးပမ်းနေသူများ၊ အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ရန် ကြိုးပမ်းနေသည်ဟု ယူဆရသူများ၊ အဖျက်အမှောင့်လုပ်ငန်းနှင့် ဆက်စပ်ပတ်သက်သည့် မသင်္ကာဖွယ်ရာပစ္စည်းများကို တွေ့မြင်သိရှိပါက အောက်ပါဌာနများရှိ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း သက်ဆိုင်ရာမှ သိရှိရသည်-

စဉ်	ဌာန	တယ်လီဖုန်းနံပါတ်
၁	တာဝန်မှူးကြီး၊ သတင်းတပ်ဖွဲ့မှူးရုံး	၀၁-၅၄၉၇၅၉
၂	ရန်ကုန်တိုင်းသတင်းတပ်ဖွဲ့ရုံး၊ ရန်ကုန်မြို့	၀၁-၂၉၄၅၈၂
၃	စရဖ၊ ရန်ကုန်	၀၁-၅၆၂၇၄၆
၄	စရဖ၊ ဒလ	၀၁-၂၆၉၅၇၃
၅	စရဖ၊ မင်္ဂလာဒုံ	၀၃၁-၂၇၀၆၀
၆	တာဝန်မှူးကြီး၊ အထက်မြန်မာနိုင်ငံ သတင်းတပ်ဖွဲ့ခွဲမှူးရုံး၊ မန္တလေးမြို့	၀၂-၃၀၀၃၈
၇	မန္တလေးတိုင်းသတင်းတပ်ဖွဲ့ရုံး၊ မန္တလေးမြို့	၀၂-၆၀၃၄၄
၈	စရဖ၊ မန္တလေး	၀၃၃-၃၃၁၈၂
၉	မကွေးတိုင်းသတင်းတပ်ဖွဲ့ရုံး၊ မကွေးမြို့	၀၆၃-၂၃၆၉၁
၁၀	ကချင်ပြည်နယ်သတင်းတပ်ဖွဲ့ရုံး၊ မြစ်ကြီးနားမြို့	၀၇၄-၂၂၄၅၀
၁၁	စရဖ၊ မြစ်ကြီးနား	၀၇၄-၂၂၄၄၃
၁၂	စစ်ကိုင်းတိုင်းသတင်းတပ်ဖွဲ့ရုံး၊ မုံရွာမြို့	၀၇၁-၂၁၅၆၄
၁၃	စရဖ၊ မုံရွာ	၀၇၁-၂၃၆၆၀
၁၄	ရှမ်းပြည်နယ်(မြောက်ပိုင်း)သတင်းတပ်ဖွဲ့ရုံး၊ လားရှိုးမြို့	၀၈၂-၂၃၀၅၇
၁၅	စရဖ၊ လားရှိုး	၀၈၂-၂၄၀၇၄
၁၆	ရှမ်းပြည်နယ်သတင်းတပ်ဖွဲ့ရုံး၊ တောင်ကြီးမြို့	၀၈၁-၂၁၀၅၄
၁၇	စရဖ၊ တောင်ကြီး	၀၈၁-၂၄၆၃၀
၁၈	ရှမ်းပြည်နယ်(အရှေ့ပိုင်း)သတင်းတပ်ဖွဲ့ရုံး၊ ကျိုင်းတုံမြို့	၀၈၄-၂၁၀၂၀
၁၉	စရဖ၊ ကျိုင်းတုံ	၀၈၄-၂၂၈၇၈
၂၀	ကယားပြည်နယ်သတင်းတပ်ဖွဲ့ရုံး၊ လွိုင်ကော်မြို့	၀၈၃-၂၁၀၆၇
၂၁	ချင်းပြည်နယ်သတင်းတပ်ဖွဲ့ရုံး၊ ဟားခါးမြို့	၀၇၀-၂၁၁၄၉
၂၂	ပဲခူးတိုင်းသတင်းတပ်ဖွဲ့ရုံး၊ ပဲခူးမြို့	၀၅၂-၂၁၀၅၀
၂၃	စရဖ၊ တောင်ငူ	၀၅၄-၂၇၃၁၈
၂၄	ပဲခူးတိုင်း(အနောက်ပိုင်း)သတင်းတပ်ဖွဲ့ရုံး၊ ပြည်မြို့	၀၅၃-၂၄၂၆၅
၂၅	တနင်္သာရီတိုင်းသတင်းတပ်ဖွဲ့ရုံး၊ မြိတ်မြို့	၀၅၉-၄၁၁၆၃
၂၆	စရဖ၊ မြိတ်	၀၅၉-၄၁၉၇၄
၂၇	မွန်ပြည်နယ်သတင်းတပ်ဖွဲ့ရုံး၊ မော်လမြိုင်မြို့	၀၅၇-၂၁၃၂၀
၂၈	စရဖ၊ မော်လမြိုင်	၀၅၇-၂၅၈၀၀
၂၉	ရခိုင်ပြည်နယ်သတင်းတပ်ဖွဲ့ရုံး၊ စစ်တွေမြို့	၀၄၃-၂၃၈၈၉
၃၀	စရဖ၊ စစ်တွေ	၀၄၃-၂၁၁၄၅
၃၁	ဧရာဝတီတိုင်းသတင်းတပ်ဖွဲ့ရုံး၊ ပုသိမ်မြို့	၀၄၂-၂၅၁၃၅
၃၂	စရဖ၊ ပုသိမ်	၀၄၂-၂၄၂၆၀
၃၃	ကရင်ပြည်နယ်သတင်းတပ်ဖွဲ့ရုံး၊ ဘားအံမြို့	၀၅၈-၂၁၄၈၂
၃၄	စရဖ၊ ဘားအံ	၀၅၈-၂၁၄၅၆

(သတင်းစဉ်)